# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၄)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော် ညှိခန်းမ၌ တွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၉

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ညှိခန်းမ၌ တွေ့ဆုံမှာကြားသည်။**

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းထားမှုအခြေအနေ၊ နိုင်ငံတော် သမ္မတရုံး မူးယစ်ဆေးဝါးအထူးသတင်းပေး တိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ချိန်မှ ယနေ့ အထိ အရေးယူဆောင်ရွက်မှု အခြေအနေ၊ တိုင်ကြားစာအရ ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအခြေအနေ၊ အထူးစစ်ဆင်ရေး ဆောင်ရွက်မှုများ၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတု ပစ္စည်းများ ဖမ်းဆီးရမိမှုအခြေအနေ၊ မူးယစ် ဆေးဝါးထုတ်လုပ်သည့် စခန်းများ သိမ်းဆည်း ရမိမှုအခြေအနေ၊ လက်နက်ခဲယမ်းပါဝင်သော မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအခြေအနေ၊ ပင်လယ်ပြင်ဖမ်းဆီးရမိမှုအခြေအနေ၊ ပင်လယ် ပြင်သို့

*စာမျက်နှာ ၃ ကော်လံ ၁* ❍

- ✤ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေ
- ✤ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စရပ်သည် နိုင်ငံတော်၏အရေးကိစ္စဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြစေလို

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) က လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ မြန်မာနိုင်ငံအပေါ်ထုတ်ပြန်သည့် အစီရင်ခံစာနှင့်ပတ်သက်၍ သတင်းထုတ်ပြန်** စာ - ၅


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# အမျက်ဒေါသတို့ ကင်းစေရာ

လွန်ခဲ့သည့်ရက်သတ္တပတ်များအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အချို့တွင် လူအစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုများ စဉ်တိုက်ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့သည်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လစ်ဘရယ်ဝါဒတို့တွင် ဦးဆောင်နိုင်ငံကြီးတစ်နိုင်ငံအဖြစ် ကမ္ဘာ့အသိုင်းအဝိုင်းက အယူရှိခဲ့ကြသည့် အမေရိကန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အမုန်းတရားအပေါ်တွင် အခြေခံသည့် အကြမ်းဖက်မှုများက အံ့သြမှင်တက်ဖွယ်ပင်ဖြစ်သည်။ ကာလ၊ ဒေသ၊ ပယောဂတို့ မဆီလျော်ဟူ၍ ယူဆရဖွယ်ဖြစ်သည့်တိုင် လူအမြောက်အမြား သေကျေခဲ့ရသည့် အကြမ်းဖက်သတ်ဖြတ်မှုများက ကမ္ဘာ့နံပါတ်တစ်နိုင်ငံကြီး၏ မြေပေါ်တွင် ပြင်ပ ပယောဂမပါဘဲ ဖြစ်ပေါ်ခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရသည်မှာ ယုံချင်စဖွယ်မရှိဟုပင် ဆိုရတော့မည်။

လူအချင်းချင်း မေတ္တာထားရန်၊ သူ့အသက်ကိုမသတ်ရန်၊ အကြမ်းမဖက်ရန်၊ ခွင့်လွှတ်သည်းခံရန် အစရှိသည်တို့ကို ဘာသာတရားအသီးသီးက လူသားတို့အား သင်ကြားဆုံးမခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ၍ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် ပကတိအားဖြင့် ကြည်လင်သန့်စင်နေသည်ဆိုသည့် လူသားတို့၏ စိတ်သန္တာန်တွင် အလိုရမ္မက်ကြီးမှု၊ အမျက်မာန်စောင်ကြီးမှု၊ အသိတရားခေါင်းပါးမှု၊ ထောင်လွှားမောက်မာမှု၊ အမြင်မှောက်မှားမှု၊ သံသယကြီးမှု အစရှိသည့် အညစ်အကြေးတို့ ခိုအောင်းစွဲကပ်ကာ မုန်းတီးမှုနှင့် အကြမ်းဖက်မှုတို့ကို ကျင့်ကြံပြုလုပ်လာသည့်အခါမျိုးတွင် လူသားသည် အသိဉာဏ်နည်းပါးလွန်းသည်ဆိုသည့် တိရစ္ဆာန်တို့ထက်ပင် မိုက်မဲကြမ်းတမ်းစွာ ပြုမူခဲ့ကြသည်မှာ ကမ္ဘာ့သမိုင်းစဉ်တစ်လျှောက်လုံးပင် ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရေကြော၊ မြေကြောဆက်စပ်နေရုံမျှမက နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာပေ စသည်တို့တွင်ပါ နက်နက်ရှိုင်းရှိုင်း ဆက်စပ်နေသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် ရက်သတ္တပတ်အနည်းငယ်မျှအကြာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ အသက် ၇၈ နှစ်အရွယ် အဘိုးအိုတစ်ဦးကို အကြမ်းဖက်အစွန်းရောက် အမျိုးသားရေးဝါဒီတစ်ဦးက လူပုံအလယ်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်လိုက်သည်။ အသတ်ခံရသည့် အဘိုးအိုသည် အိန္ဒိယနိုင်ငံ၏ ဖခင်ကြီးအဖြစ် ချစ်ခင်လေးစားခံရသူ၊ နိုင်ငံရေးတွင် အကြမ်းမဖက်ရေးလမ်းစဉ် အဟိံသဝါဒကို ချမှတ်ပေးခဲ့သူ၊ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားရေးဝါဒီတစ်ဦးလည်းဖြစ်သူ၊ ဥပဒေပညာရှင်၊ စာရေးဆရာ မိုဟန်ဒတ်စ်ကရမ်ချန်ဂန္ဒီဖြစ်သည်။ သူ့ကို အိန္ဒိယတစ်နိုင်ငံလုံးက မဟတ္တမဂန္ဒီဟူ၍သာ ခေါ်ကြသည်။ ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို ဆက်ခံသူ မဟတ္တမဂန္ဒီ၏ အဟိံသဝါဒက မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုအပေါ်တွင်လည်း ဩဇာသက်ရောက်မှုများရှိခဲ့သည်။ အကြမ်းဖက်သမားတစ်ဦး၏ လုပ်ကြံမှုကြောင့် ဂန္ဒီကျဆုံးခဲ့ရခြင်းက အကြမ်းမဖက်ဝါဒ ကျဆုံးခဲ့ရခြင်းမဟုတ်ကြောင်း သမိုင်းကြောင်းက သက်သေခံနေခဲ့သော်လည်း အကြမ်းဖက်ဝါဒသည် အကြောင်းအမျိုးမျိုးကို အခြေခံ၍ ကာလဒေသအသီးသီးတွင် ဆက်လက်ပေါ်ပေါက်လျက်ရှိသည်မှာလည်း အမှန်တရားတစ်ခုပင်ဖြစ်သည်။

မျက်မှောက်ခေတ်တွင်မူ အမုန်းတရားနှင့် အမျက်ဒေါသ၊ အာဃာတတို့က နည်းပညာ၏ အကူအညီဖြင့် လျင်လျင်မြန်မြန် ပြန့်ပွားလျက်ရှိသည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးတို့အကြား၊ ဘာသာတရားတစ်ခုနှင့် တစ်ခုတို့အကြား၊ အယူဝါဒ မတူကွဲပြားမှုများအကြား အမုန်းပွားစေရန်၊ အမျက်ဒေါသထွက်စေရန်၊ ပဋိပက္ခမီးတို့ တောက်လောင်စေရန် လှုံ့ဆော်မှု၊ သွေးထိုးမှုတို့ကို လွယ်လွယ်ကူကူပင် ပြုလုပ်နေကြသည်။ ဒေါသ၏ သဘောသည် ပြစ်မှားကြမ်းတမ်းသည့်အလျောက် ဖြစ်ပေါ်လာသည့် ရလဒ်မှာလည်း ကောင်းကျိုးမဟုတ်ဘဲ ဆိုးကျိုးသာလျှင် ဖြစ်သည်။

ဒေါသ၏ ဖြစ်ပေါ်ရာအကြောင်းသည် အနိဋ္ဌာရုံကြောင့်ဖြစ်သည်ဟု မောင်းထောင်ဆရာတော်ဘုရားကြီး၏ ဒေါသကထာတွင် ပြဆိုသည်။ မြင်၊ ကြား၊ အနံ့၊ ရသာ၊ ထိတွေ့ ခံစားမှုများဖြစ်သည့် အာရုံခြောက်ပါးသည် ဣဋ္ဌာရုံအားဖြင့်ကောင်းပါက လိုချင်လောဘကို ဖြစ်စေပြီး အနိဋ္ဌာရုံအားဖြင့် မကောင်းပါက ဒေါသကို ဖြစ်စေသည်။ ယင်းသို့ လောဘ၊ ဒေါသတို့မဖြစ်စေရန်အတွက်မူ မိမိတို့၏ တွေ့ကြုံခံစားရသမျှတို့အပေါ်တွင် ယောနိသောမနသိကာရ ခေါ် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းကြရန်ပင် ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ (မိုးကုတ်ဆရာတော်) သီရိလင်္ကာနိုင်ငံသို့ သာသနာပြုခရီးကြွရောက်

**ရန်ကုန် ဩဂုတ် ၉**

သီရိလင်္ကာနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Karu Jayasuriya ၏ ပင့်လျှောက်ချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့ ညောင်သုံးပင်သာမဏေကျော်ပရိယတ္တိစာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ)သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ Polgolle Sri Salawana Boghi Viharaya ၌ ၉-၈-၂၀၁၉ ရက်မှ ၁၄-၈-၂၀၁၉ ရက်အထိ သီရိလင်္ကာနိုင်ငံ နိကာယမဟာသံဃမဟာနာယကအဖွဲ့မှ ကြီးမှူး၍ ကျင်းပပြုလုပ်မည့် သိမ်သမုတ်အုတ်မြစ်ချပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတို့သို့ တက်ရောက်ရန်အတွက် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကြွရောက်ခဲ့ရာ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင်စိုက်ပျိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင်စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မာလိနီရေကန်အနီး မဟာဗောဓိ (၁၀၈)ပင်ဥယျာဉ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတ တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်(ငြိမ်း) ဦးခင်မောင်ချိုနှင့် မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင်စိုက်ပျိုးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင် ဦးမောင်စိန်တို့က မဟတ္တမဂန္ဒီအတ္ထုပ္ပတ္တိကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ကြားကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ နံ့သာဖြူပင်ကို စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင် စိုက်ပျိုးပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရွှေ၊ အတွင်းရေးမှူး ဦးအောင်သွင်နှင့် ဦးဒေဝမုနိတို့က သတ်မှတ်နေရာများတွင် နံ့သာဖြူပင်ကို စိုက်ပျိုးပေးကြသည်။

**သတင်းစဉ်**



## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က စီစဉ်ကျင်းပမည့် "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် PEN Myanmar အဖွဲ့၊ ပြည်ကြီးခင် အဖွဲ့တို့နှင့် ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး Human Rights & Freedom of Expression ၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံသဘောတရားများ၊ လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ ညွှန်းကိန်းများ၊ Right to Information ၏ အခြေခံအယူအဆနှင့် အကျိုးကျေးဇူးများနှင့် Right to Information ဥပဒေ၏ အဓိကအစိတ်အပိုင်းများအကြောင်းတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**



## မိုးဆက်လက် ပိုနေမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/၉လ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❍ *ရှေ့မှ*

မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းအခြေအနေ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းပြောင်းလဲလာမှုအခြေအနေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ရန်ပုံငွေရရှိရေးဆောင်ရွက်မှုအခြေအနေ၊ ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတွင်ထည့်သွင်းရန် စီစဉ်ထားသည့် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးဥပဒေနှင့် နည်းဥပဒေပြင်ဆင်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းများ လွှဲပြောင်းပေးအပ်မှုအခြေအနေ၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှုများ၊ နိုင်ငံတော်အစိုးရ၏ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှုအခြေအနေတင်ပြ**

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂကွန်ဗင်းရှင်းသဘောတူညီချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဗဟိုအဖွဲ့တွင်ပါဝင်သော ဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာ တာဝန်ယူထားသည့်ကဏ္ဍအလိုက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်များ အရှိန်သေမသွားစေဘဲ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ ထို့အပြင် မူးယစ်ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အသိပညာပေးရေး၊ ဆေးဝါးသုံးစွဲသူများအား ကုသပေးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ထိရောက်စွာဆောင်ရွက်ပေးစေလိုကြောင်း။

**သက်ဆိုင်ရာတာဝန်ရှိသူများ ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များကို မျက်ခြည်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း နိုင်ငံသားများ သိရှိစေရေးအတွက် စဉ်ဆက်မပြတ်သတင်းထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်သည် နိုင်ငံတော်၏ အရေးကိစ္စဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ မူးယစ်ဆေးဝါးအမှုကိစ္စရပ်များနှင့်ပတ်သက်၍ စစ်ဆေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရဲကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ သိမ်းဆည်းကြရန် လိုအပ်ပြီး တရားရုံးအမိန့်နှင့်အညီ မြန်မြန်ဆန်ဆန် စီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ ချီးမြှင့်ထိုက်သူများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ အစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့အတွက် လိုအပ်သည့် အစီအစဉ်များချမှတ်ရန် လိုအပ်ကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လိုအပ်သလို လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးပြီး တာဝန်များ သတ်မှတ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ ပြုလုပ်သင့်ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်မှုအတိုင်းအတာကို စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းများ စဉ်ဆက်မပြတ်ရှိစေလိုကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက နိုးနိုးကြားကြား တက်တက်ကြွကြွဖြင့် ယခုထက်ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြစေလိုပါကြောင်း လမ်းညွှန်မှာကြားသည်။

- **မူးယစ်ဆေးဝါးအမှုကိစ္စရပ်များနှင့်ပတ်သက်၍ စစ်ဆေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ရဲကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်**
- **သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ သိမ်းဆည်းကြရန် လိုအပ်ပြီး တရားရုံးအမိန့်နှင့်အညီ မြန်မြန်ဆန်ဆန် စီမံခန့်ခွဲရန် လိုအပ်**
- **ချီးမြှင့်ထိုက်သူများကိုလည်း ချီးမြှင့်သွားမည်**

တွေ့ဆုံပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံတော်သမ္မတရုံး နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၊ ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး မင်းဟိန်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ ၉လ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

## အမေရိကန်အစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၉**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၁၉) ကို ယနေ့နံနက် ၉ နာရီက ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**ဆွေးနွေးတင်ပြ**

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့များက အမေရိကန်အစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးတင်ပြခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ တက်ရောက်လာသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များက မိမိတို့ဆောင်ရွက်လျက်ရှိသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ စုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော်  ဩဂုတ်  ၉

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရက်ဒ်နိုမာဆူဒီ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပပြုလုပ်သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။**

ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီတွင် အာဆီယံ အဆောက်အဦသစ်၏ Nusantara ခန်းမ၌ ကျင်းပပြုလုပ်ရာ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို တက်ရောက်ချီးမြှင့်သည်။




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆောက်အဦသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်ဒ်နို မာဆူဒီက အဆောက်အဦသစ်နှင့် ပတ်သက်၍ ဦးစွာ ရှင်းလင်းပြောကြားခဲ့ပြီးနောက် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်း၊ အာဆီယံလက်ရှိဥက္ကဋ္ဌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန် ပရာမွတ်ဝိနိုင်းနှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုတို့က အဖွင့်မိန့်ခွန်းများ အသီးသီး ပြောကြားကြသည်။

**အထိမ်းအမှတ်သော့လွှဲပြောင်း**

ဆက်လက်၍ သမ္မတ ဂျိုကိုဝီဒိုဒိုက အဆောက်အဦသစ်၏ ကမ္ပည်းကျောက်ပြားပေါ်တွင် လက်မှတ်ရေးထိုးပြီး အဆောက်အဦသစ်ကို ကိုယ်စားပြုသည့် အထိမ်းအမှတ် သော့သင်္ကေတကို အာဆီယံ အတွင်းရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သမ္မတ ဂျိုကိုဝီဒိုဒိုသည် အခမ်းအနား တက်ရောက်လာကြသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခြား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ အဆောက်အဦသစ်ရှိ အာဆီယံလက်မှုပညာပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**မြန်မာ့ရိုးရာယွန်းဆွမ်းအုပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြခန်း၌ ပြသထားရှိရန်အတွက် မြန်မာ့ရိုးရာ ယွန်းဆွမ်းအုပ်တစ်ခုကို အာဆီယံအတွင်းရေးမှူးချုပ်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နံနက်၁၀ နာရီခွဲတွင် အာဆီယံအဆောက်အဦသစ်၏ Nusantara ခန်းမ၌ ကျင်းပပြုလုပ်သည့် (၅၂)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားသို့ အခြား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံခေါင်းဆောင် အသီးသီး၏ ၂၀၄၂ ခုနှစ် ကာလအတွက် အာဆီယံ၏အနာဂတ်ဆိုင်ရာ ကြိုတင်မျှော်မှန်းချက်စာလွှာများကို နှစ်ရှည်ခံသတ္တုဘူး (Time Capsule) တွင် ထည့်သွင်းသိမ်းဆည်းခဲ့ကြသည်။

အာဆီယံ၏ (၇၅) နှစ်မြောက် အခါသမယကျရောက်မည့် ၂၀၄၂ ခုနှစ်၊ ဩဂုတ် ၈ ရက်တွင် နှစ်ရှည်ခံသတ္တုဘူးအတွင်းရှိ အဆိုပါစာလွှာများကို ပြန်လည်ထုတ်ယူကာ ဖတ်ကြားမည်ဖြစ်သည်။

ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး မူလအဆောက်အဦကို ၁၉၈၁ ခုနှစ်တွင် သမ္မတ ဆူဟာတိုက ဖွင့်လှစ်ခဲ့သည်။

**အစည်းအဝေးခန်းမ ၃၀ ပါရှိ**

ယခုဖွင့်လှစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆောက်အဦသစ်သည် အထပ်ပေါင်း ၁၆ ထပ်ရှိအဆောက်အဦ နှစ်ခုတွဲဖြစ်ပြီး အစည်းအဝေးခန်းမပေါင်း ၃၀ ပါရှိသည်ဖြစ်ရာ အာဆီယံ အစည်းအဝေးများကို နောင်တွင် အဆောက်အဦသစ်၌ ကျင်းပပြုလုပ်နိုင်ရန် ရည်မှန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၂/၂၀၁၉) သင်တန်းဆင်း

**နေပြည်တော်  ဩဂုတ်  ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၂/၂၀၁၉)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့သည်။

**သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်**

အခမ်းအနားတွင် အငြိမ်းစားသံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

**နိုင်ငံတကာရေးရာနှင့် စီးပွားရေးဆိုင်ရာဘာသာရပ်များပို့ချ**

သင်တန်းတွင် သံတမန်ရေးရာနှင့်သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာဘာသာရပ်များ စသည်တို့ကို စာတွေ့လက်တွေ့ပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၈၈ ဦး တက်ရောက်ခဲ့သည်။

**သင်တန်းသား သင်တန်းသူ ၇၃၀၀ အထိ တက်ရောက်ခဲ့ပြီးဖြစ်**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာနှင့် နိုင်ငံတကာ ရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများအတွက် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၃၀၀ အထိ တက်ရောက်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Daewoo Bus စက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဩဂုတ် ၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ Daewoo Bus Myanmar စက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Daewoo Bus Myanmar စက်ရုံမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်အောင်က ခရီးသည်တင်မော်တော်ယာဉ် နှစ်မျိုး စမ်းသပ်ထုတ်လုပ်နေသည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ (Responsible Investment) ပိုမိုလာရောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ Daewoo Bus Myanmar Co., Ltd. ကဲ့သို့ နည်းပညာမြင့်မား၍ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့်လုပ်ငန်းများ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုပါကြောင်း၊ Daewoo Bus Myanmar Co., Ltd. မှ Complete Knocked-Down (CKD)စနစ်ဖြင့် ထုတ်လုပ်လျက်ရှိသည်ကို အားပေးပါကြောင်း၊ ဒေဝူး မော်တော်ယာဉ်များအား ပြည်တွင်း၌ထုတ်လုပ်ပြီး မြန်မာနိုင်ငံ၏ ခရီးသည် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ လိုအပ်လျက်ရှိသည့် ခေတ်မီခရီးသည်တင်ယာဉ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်မည့်လုပ်ငန်းဖြစ်နိုင်ကြောင်း ပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

Daewoo Bus Myanmar Co., Ltd. သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ကိုရီးယားနိုင်ငံနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံပြီး ခေတ်မီခရီးသည် တင်မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်နေသည့် စက်ရုံဖြစ်သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Daewoo Bus Myanmar စက်ရုံအတွင်း မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



Daewoo Bus Myanmar စက်ရုံမှ ထုတ်လုပ်သည့် Lestar Minibus နှင့် Daewoo City Bus Bs 106 ယာဉ်တို့ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)က လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ မြန်မာနိုင်ငံအပေါ်ထုတ်ပြန်သည့် အစီရင်ခံစာနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၉**

လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ မြန်မာနိုင်ငံအပေါ် ထုတ်ပြန်သည့် အစီရင်ခံစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ဩဂုတ် ၇ ရက်က ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) သည် ကုလသမဂ္ဂနိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်က ထုတ်ပြန်ခဲ့သော **"မြန်မာ့တပ်မတော်၏ စီးပွားရေးအကျိုးစီးပွားများ (The economic interests of the Myanmar Military)"** ဆိုသည့် လတ်တလော အစီရင်ခံစာ(A/HRC/42/CRP.3) ကို တိကျပြတ်သားစွာ ပယ်ချပါကြောင်း။

အစီရင်ခံစာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက် အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၊ ယင်း၏ လုပ်ငန်းအဖွဲ့များနှင့် စီမံကိန်းများက ရခိုင်ပြည်နယ်တွင် **"အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ ရာဇဝတ်မှု ကျူးလွန်မှုများ"** ကို ကူညီထောက်ပံ့ပေးခဲ့ပြီး **"စစ်ရာဇဝတ်မှုများ၊ လူသားတစ်မျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများနှင့် လူမျိုးသုဉ်းမျိုးဖြုတ်သတ်ဖြတ်ခြင်း"** တို့၏ အကျိုးဆက်များကို အင်အားတောင့်တင်းစေခဲ့သည်ဟု အကျိုးအကြောင်းမဲ့ စွပ်စွဲခဲ့ပါကြောင်း။

UEHRD ၏ ကနဦးအစမှာပင် ယင်း၏ ရည်ရွယ်ချက်များမှာ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့များကို ထိရောက်စွာပေးရန်၊ နေရပ်စွန့်ခွာသူများအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပဋိပက္ခဖြစ်စဉ်များတွင် ပြေလည်စွာညှိနှိုင်း အဖြေရှာပေးခြင်းနှင့် ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

လူသားချင်းစာနာထောက်ထားသော UEHRD ၏ ရည်ရွယ်ချက်များကို မည်သည့်အခါကမျှ သွေဖည်သွားခြင်းမရှိခဲ့သလို ကယ်ဆယ်ရေး၊ သိက္ခာရှိစွာပြန်လာရေး၊ ပဋိပက္ခဖြစ်စဉ်များကြောင့် ပတ်သက်ထိခိုက်ခံရသည့် လူမှုအသိုက်အဝန်းများနှင့် နေရပ်စွန့်ခွာခဲ့ရသူများအား ပြန်လည်နေရာချထားရေးကိစ္စရပ်များကို မြေပြင်အခြေအနေတွင် တိုးတက်မှုရရှိအောင် အစဉ်တစိုက် လုပ်ဆောင်ခဲ့ပါကြောင်း။

အချက်အလက်ရှာဖွေရေးမစ်ရှင်(FFM)သည် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးနက်နဲလှသောကိစ္စများကို ဖြေရှင်းရန်ဖွဲ့စည်းခဲ့သည့် UEHRD ၏ ရုပ်ပုံလွှာကို ပုံဖျက်၍ ရေးဆွဲခဲ့ပါကြောင်း။

UEHRD အနေဖြင့် ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများနှင့် အခြေချနေထိုင်သူများ ငြိမ်းချမ်းစွာ၊ သဟဇာတဖြစ်စွာ၊ ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ရေးနှင့် လုံခြုံစိတ်ချရပြီး ရှင်သန်တက်ကြွသောအနာဂတ်ဖြစ်ပေါ်လာစေရေးအတွက် အမြဲရှင်သန် တည်မြဲ၍ အလုံးစုံပါဝင်သော အဖြေရှာမှုများကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

UEHRD သည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်လျက်ရှိသည့် လူမျိုး၊ ဘာသာ ပေါင်းစုံ၏ ကြီးပွားတိုးတက်ရေး ဘုံရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရန် နိုင်ငံတော်အစိုးရ၊ ကဏ္ဍပေါင်းစုံမှ အစုရှယ်ယာဝင်များ၊ နိုင်ငံ့အရေး စိတ်ဝင်စားသူပြည်သူများနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက် အထောက်အကူပြုသည့် စက်ယန္တရား၊ အစုအစပ်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း။

UEHRD သည် လူ့အခွင့်အရေးများနှင့် လူ့ဂုဏ်သိက္ခာတို့ အခြေခံသည့် တရားမျှတ၍ သဟဇာတဖြစ်သော လူ့ဘောင် အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ UEHRD သည် ကိုယ်ချင်းစာတရား၊ လူသားအားလုံး၏ လုပ်ပိုင်ခွင့်၊ ငြိမ်းချမ်းခြင်းနှင့် သာယာဖွံ့ဖြိုးခြင်းတို့ကို လက်ခံယုံကြည်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ H1N1 ဖြစ်ပွားသူ လေးဦးကို ပျောက်ကင်းအောင် ကူညီပံ့ပိုးကြသူများအား ဂုဏ်ပြု

**ပုသိမ် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျန်းမာရေးလုပ်ငန်းအဖွဲ့နှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲကို ယမန်နေ့က ပုသိမ်မြို့ အမှတ်-၄ နယ်မြေပန်းခြံလမ်း မြို့နယ်ပြည်သူ့ ကျန်းမာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနှင်းအောင်နှင့် တာဝန်ရှိသူတို့က ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ကင်းစင်ရေး သိကောင်းစရာများ၊ တုပ်ကွေးဖြစ်ပွားမှုနှင့် ကာကွယ်နှိမ်နင်းရေးတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုကြောင့် ပုသိမ်မြို့၌ ဖြစ်ပွားခဲ့သော ရာသီတုပ်ကွေး H1N1 ဝေဒနာရှင် ခုနှစ်ဦးအနက် လေးဦး ကျန်းမာသွား၍ ဝမ်းမြောက်ကြောင်း၊ ရာသီတုပ်ကွေးရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှ စကာ ကူးစက်နိုင်ကြောင်းနှင့် H1N1 ဖြစ်ပွားသည့် လက္ခဏာရပ်များ၊ ရောဂါဖြစ်ပွားပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်ကုသကြရန် လိုအပ်ကြောင်း ပြောကြားကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးမှူး (ခရိုင်) မန်းလှအေးက ပညာပေးရုပ်ပုံကားချပ်များ၊ လက်ကမ်းပိုစတာများ လိုက်လံဝေငှ၍ သွေးလွန်တုပ်ကွေးနှင့် ကာကွယ်နှိမ်နင်းရေးအကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ကျန်းမာရေးဦးစီးဌာနနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ ကျန်းမာရေးလုပ်ငန်းများကို တစိုက်မတ်မတ် ပူးပေါင်းကူညီသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Mr. Manjurul Karim Khan အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

အမြဲတမ်းအတွင်းဝန်သည် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ကျေးရွာအလိုက် စိစစ်ပေးပို့ထားသော မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူ ၃၄၅၀ အား ပထမအသုတ်တွင် ဦးစားပေးစေလွှတ်မည်ဆိုပါက မြန်မာဘက်မှလက်ခံရန် အသင့်ရှိကြောင်း၊ အခြားစာရင်းများ ပေးပို့မည်ဆိုပါက သံတမန်လမ်းကြောင်းမှ ပေးပို့သင့်ကြောင်းနှင့် ယင်းစာရင်း လက်ခံရရှိသည့်နေ့ရက်မှ ရက်သတ္တပတ်နှစ်ပတ်အတွင်း လက်ခံသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ပြောကြားသည်။

**“မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူ ၃၄၅၀ အား ပထမအသုတ်တွင် ဦးစားပေးစေလွှတ်မည်ဆိုပါက မြန်မာဘက်မှ လက်ခံရန်အသင့်ရှိ၊ အခြားစာရင်းများ ပေးပို့မည်ဆိုပါက သံတမန်လမ်းကြောင်းမှ ပေးပို့သင့်ကြောင်းနှင့် ယင်းစာရင်း လက်ခံရရှိသည့်နေ့ရက်မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း လက်ခံသွားမည်ဖြစ်”**

### လက်မှတ်ရေးထိုးထား

ထို့ပြင် အမြဲတမ်းအတွင်းဝန်က ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီလက်မှတ်ရေးထိုးထားသည့် Physical Arrangement နှင့်အညီ ဆောင်ရွက်ရေး ထပ်လောင်းအသိပေးပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ထိုသို့ တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)၊ ရှေ့ပြေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း သွားရောက်ရန်ခရီးစဉ်နှင့်ပတ်သက်၍ ICOE အဖွဲ့ဝင်နှင့် ရှေ့ပြေးအဖွဲ့ခေါင်းဆောင် Mr. Kenzo Oshima ထံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန် Mr. Md. Shahidul Haque ထံသို့ လိပ်မူပေးပို့သည့်စာမူရင်းအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

**သတင်းစဉ်**



နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားခြင်းကို ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများတွင်လည်း လျှောက်ထားနိုင်

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ၂၀၁၅ ခုနှစ်မှ စတင်

ရှေးဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသား ၅၆၈ ဦးအား အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လျှောက်ထားသူများအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြုဆောင်ရွက်ပေးကြရန် ဖြစ်ပါကြောင်းနှင့် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့အကဲဖြတ်စစ်ဆေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူးကိုယ်စား လုပ်ငန်းတာဝန်ခံအရာရှိက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် လုပ်ငန်းဆောင်ရွက်မှု၊ အမှတ်ပေးစနစ်နှင့် လက်ရှိလျှောက်ထားမှု၊ နေထိုင်ခွင့်လက်မှတ် နှစ်စဉ်သက်တမ်းအတည်ပြုဆောင်ရွက်မှု၊ ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးပါက လူတွေ့အစစ်ဆေးခံနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ခွင့်ပြုထားပြီးဖြစ်သည့် မြန်မာနိုင်ငံသားဟောင်းသုံးဦးက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူ ခွင့်ပြုရန် လျှောက်ထားလာမှုအပေါ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် ဗဟိုကော်မတီဝင်များက ဆွေးနွေးသုံးသပ်အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

### ညှိနှိုင်းဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီမှ အတည်ပြုတင်ပြသည့် လျှောက်ထားသူတစ်ဦးချင်းအား သုံးသပ်ချက်များဖြင့် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ရက်မှ စတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုးခွဲခြားသတ်မှတ်ကာ လျှောက်လွှာများ လက်ခံဆောင်ရွက်ခဲ့သည်။ စတင်ဆောင်ရွက်ချိန်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်အထိ လျှောက်ထားသူ စုစုပေါင်း ၆၁၁ ဦးရှိပြီး ၅၆၈ ဦးအား အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### စိစစ်အတည်ပြု

ယခုအစည်းအဝေးတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ခွင့်ပြုထားသူ မြန်မာနိုင်ငံသားဟောင်းသုံးဦးအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့် လျှောက်ထားမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ထပ်မံလျှောက်ထားသူများအနက် လုပ်ငန်းကော်မတီမှ ပဏာမစိစစ်ပြီးသည့် ရင်းနှီးမြှုပ်နှံသူနိုင်ငံခြားသားတစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၁၁ ဦး၊ သွေးချင်းဆက်စပ်သူနိုင်ငံခြားသား ငါးဦး စုစုပေါင်း ၁၇ ဦးအား ဗဟိုကော်မတီမှ စိစစ်အတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✿ *ကျောဖုံးမှ*

အဆိုပါမြေပြိုကျမှုကြောင့် ယနေ့ည ၇ နာရီအထိ အချက်အလက်များအရ ဘုန်းတော်ကြီးတစ်ပါးအပါအဝင် သေဆုံးသူ ၂၂ ဦးရှိပြီး ဒဏ်ရာရလူနာ ၄၁ ဦး စာရင်းကောက်ယူရရှိထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ကယ်ဆယ်ရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။ ထို့ပြင် တောင်ပြိုမှုကြောင့် လမ်းမကြီးပေါ်တွင် ပိတ်ဆို့လျက်ရှိသည့် မြေစာများအား မြေတူးစက်ဘက်ဟိုး ခုနစ်စီး၊ ဒိုဇာသုံးစီးဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း၊ ညပိုင်းအချိန်ထိ ဆက်လက်ဖယ်ရှား ရှင်းလင်းနိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကာ ကုန်တင်မော်တော်ယာဉ်ကြီးများမှအပ သာမန်မော်တော်ယာဉ်များသည် ခရိုင်ချင်းဆက်လမ်း (တောင်ရှေ့လမ်း)မှ ပုံမှန်သွားလာလျက်ရှိကြောင်းနှင့် ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မုတ္တမဘက်ခြမ်းမှ ရပ်နားထားသော မော်တော်ယာဉ်ကြီးများအား ဖြတ်သန်းသွားလာခွင့်ပြုပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

**ဩဂုတ် ၈ ရက်က အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနား (ကွန်ကရစ်) လမ်းရှိ စည်ပင်ကုန်သေတ္တာတင်ရပ်နားဝင်းအတွင်း မှုခင်းပညာပေးယာဉ်ပြသ၍ အလုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်ဇင်ထိုက်နှင့် တပ်ဖွဲ့ဝင်များက မှုခင်းများကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေးဟောပြောစဉ်။**

တင်မောင်ဦး(အလုံ)



# ရန်ကုန်မြို့၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လစဉ်ပုံမှန် သတင်းစာရှင်းလင်းပွဲ ကျင်းပ



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လစဉ်ပုံမှန်သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လစဉ်ပုံမှန် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ်( ၃၉၂-၃၉၆) ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာမျိုးသန့်တင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စွာမင်းက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ကော်မတီ၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာတွင် လာမည့်ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး၌ မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲ ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ သတင်းအချက်အလက်များ ပိုမိုရရှိရေးအတွက် ရည်ရွယ်ကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲအတွက် သတင်းသမားများ ရွေးကောက်ပွဲဆိုင်ရာ လက်စွဲစာအုပ်အတွက်ကိုလည်း ရွေးကောက်ပွဲကော်မရှင်နှင့် မိမိတို့တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်တီအနေဖြင့် ပြီးခဲ့သည့်လအတွင်း ဖြေရှင်းပေးသည့် တိုင်ကြားစာ (ဆောင်ရွက်ဆဲ) ခုနစ်စောင်ရှိကြောင်း၊ ယင်းတို့အနက် အကြောင်းပြန်စာပေးပို့သည့် တိုင်ကြားစာ သုံးစောင်၊ ရုံးလက်ခံအဖြစ်ထားရှိသောစာ နှစ်စောင်၊ ရုပ်သိမ်းသွားသော တိုင်စာနှစ်စောင်ရှိကြောင်း၊ ထို့အပြင် ပုဂ္ဂလိကအဖွဲ့အစည်းများက ပေးပို့သည့် တိုင်စာ ၁၄ စောင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီအတွင်းရေးမှူး ဦးဇေယျာလှိုင်ကလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒေါက်တာမျိုးသန့်တင်ကလည်းကောင်း၊ ဥပဒေရေးရာ ကော်မတီအဖွဲ့ခေါင်းဆောင် ဦးကျော်ဇေယျကလည်းကောင်း သက်ဆိုင်ရာ ကော်မတီအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော သတင်းမီဒီယာသမားများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ဒသမနေ့ အစည်းအဝေးတွင် အတည်ပြုလိုက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ထပ်မံရှင်းလင်းတင်ပြရန် မရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်ကို သေချာစွာ မှတ်သားနာယူပြီး ရှေ့လုပ်ငန်းစဉ်ဖြစ်သည့် ဥပဒေကြမ်းရေးဆွဲရေးတွင် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီ၏ အစီရင်ခံစာအပေါ် အချို့လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံ၊ အချို့လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ကြသည့်အတွက် ယင်းအစီရင်ခံစာကို အတည်ပြုပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် လိုအပ်ပါသဖြင့် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ပြည်ထဲရေးဝန်ကြီးဌာန၏ ငွေကျပ် ၂၄၅၈၁ ဒသမ ၉၀၀ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အမှတ် (၁)မှ (၈)အထိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများတွင် လိုအပ်လျက်ရှိသည့် လုံခြုံရေးသုံးပစ္စည်းများဝယ်ယူရန်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၉၁၀၃ ဒသမ ၉၀ သန်း၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ရှိ ရဲစခန်းများ၊ ရဲကင်းစခန်းများနှင့် အမှတ် (၃၁) လုံခြုံရေးရဲတပ်ဖွဲ့ကို ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၁၅၀ ဒသမ ၆၉၄ သန်းနှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အဦများအား အစားထိုးဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၄၃၂၇ ဒသမ ၃၀၁ သန်း စုစုပေါင်းရန်ပုံငွေ ၂၄၅၈၁ ဒသမ ၉ သန်း လိုအပ်လျက်ရှိပါကြောင်း။

အဆိုပါ လိုအပ်လျက်ရှိသည့် ကုန်ကျငွေကျပ် ၂၄၅၈၁ ဒသမ ၉ သန်းကို ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းပေးအပ်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေ အသုံးစရိတ်ငွေမှ ပိုလျှံငွေမရှိသည့်အတွက် အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ပါရန် နိုင်ငံတော်သမ္မတရုံးသို့တင်ပို့ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ၍ စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ရာ ခွင့်ပြုချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါခွင့်ပြုငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အရေးပေါ်ရန်ပုံငွေမှ ပြည်ထဲရေးဝန်ကြီးဌာန၏ ငွေကျပ် ၂၄၅၈၁ ဒသမ ၉၀၀ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၂/၂၀၁၉)ကို ဖတ်ကြားတင်သွင်း

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါ်နီနီဒွန်းက ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမခြောက်လပတ် အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၂/၂၀၁၉)ကို ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလ (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့အထိ )လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဌေးဦးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စာအုပ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၁ ရာစုတွင် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကလေးများအနေဖြင့် အသိပညာအသစ်အဆန်းများ၊ တတ်ကျွမ်းမှုများ၊ တီထွင်ဖန်တီးခြင်းများ၊ ဆန်းစစ်ဝေဖန်ခြင်းများ၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးထားမှုများနှင့်အတူ ကျင့်ဝတ်စည်းကမ်းများရရှိရေးအတွက် အမျိုးသားပညာရေးစနစ်ကို အဓိကပြုပြင်ပြောင်းလဲရမည်ဟု ညွှန်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

## အမိနိုင်ငံတော်၏ အနာဂတ်အတွက် လက်ငင်းလိုအပ်နေသည့် ကျင့်ဝတ်စည်းကမ်းဥပဒေများကို လေးစားတန်ဖိုးထား စွဲမြဲလိုက်နာစေရေး သင်ခန်းစာများကို သင်ရိုးတွင် ထည့်သွင်းနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် လိုအပ်

ထို့ကြောင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းတို့အနေဖြင့် အမိနိုင်ငံတော်၏ အနာဂတ်အတွက် လက်ငင်းလိုအပ်နေသည့် ကျင့်ဝတ်စည်းကမ်းဥပဒေများကို လေးစားတန်ဖိုးထားစွဲမြဲလိုက်နာစေရေး သင်ခန်းစာများကို သင်ရိုးတွင်ထည့်သွင်းနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းက သင်ရိုးညွှန်းတမ်းကော်မတီသည် ပြည်တွင်း ပြည်ပပညာရှင်များနှင့် ဆွေးနွေးမှုများစွာ လုပ်ခဲ့သည့်အပြင် မြေပြင်ဆန်းစစ်ခြင်းများကိုပါ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များကို လုပ်ဆောင်ချက် ၉ ချက်ဖြင့် ပြင်ဆင်တည်းဖြတ်ခြင်း၊ သင်ရိုးသစ်နှင့်စပ်လျဉ်းပြီး ကော်မရှင်ထံ အကြံပြုချက် ၅ ချက်ပို့နိုင်ခြင်း၊ အရည်အသွေးရှိသော အခြေခံပညာရေးအတွက် အကြံပြုချက် ၅ ချက် ပြုစုတင်ပြနိုင်ခြင်း၊ ရှေ့လုပ်ငန်းစဉ်သုံးရပ် ချမှတ်ပေးပို့ခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

## အနာဂတ်ကိုပိုင်စိုးမည့် ကလေးများကို အရည်အသွေးမြင့်အောင် လုပ်ဆောင်ရာတွင် ပညာရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်

အနာဂတ်ကိုပိုင်စိုးမည့် ကလေးများကို အရည်အသွေးမြင့်အောင် လုပ်ဆောင်ရာတွင် ပညာရေးကဏ္ဍသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို တန်ဖိုးထားသောစနစ်နှင့် အံဝင်ထက်မြက်သော လူ့စွမ်းအားမျိုးဆက်သစ်ဖြစ်အောင် မွေးထုတ်ပေးမှသာ ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် သင်ရိုးညွှန်းတမ်းများတွင် ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရနှင့် အလေ့အကျင့်ကို အသက်အရွယ်နှင့် လိုက်လျောညီထွေစွာ ထည့်သွင်းသင်ကြားပေးရန် အကြံပြုပါကြောင်း ဆွေးနွေးသည်။

ခနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှက ပညာရေး၏ အဓိကရည်ရွယ်ချက်သည် စာတတ်ရုံ၊ စာတော်ရုံမျှသာမဟုတ်ဘဲ ဘက်စုံကျွမ်းကျင်နားလည်သော၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဗလငါးတန်နှင့် ပြည့်ဝပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရရှိရေးပင် ဖြစ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးချင်း၊ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးခေတ်မီပညာရပ်များကို မြန်မြန်တတ်စေပြီး အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများကို မြန်မြန်နှင့် များများပေး၍ နည်းနည်းယူသည့် စနစ်သည် ယနေ့စီးပွားရေးနှင့် ပညာရေး၏ သော့ချက်ဖြစ်ပါကြောင်း။

## မြန်မာ့ပညာရေးကဏ္ဍတစ်ခုချင်းစီ၏ ရည်ရွယ်ထားသော အနာဂတ်အခြေအနေကို ဖော်ပြထားသည့် မျှော်မှန်းချက်များကို မီးမောင်းထိုးပြသည့် လမ်းပြမြေပုံတစ်ခုဖြစ်

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာသည် အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ကို ပြင်ဆင်ပြီး ၂၀၁၅ ဥပဒေတို့ကို လိုက်နာ၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) ပါ မဟာဗျူဟာမြောက် အပြောင်းအလဲ ၉ ရပ်ကို အခြေပြုပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာ့ပညာရေးကဏ္ဍတစ်ခုချင်းစီ၏ ရည်ရွယ်ထားသော အနာဂတ်အခြေအနေကို ဖော်ပြထားသည့် မျှော်မှန်းချက်များကို မီးမောင်းထိုးပြသည့် လမ်းပြမြေပုံတစ်ခုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ နော်လှလှစိုး၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇) နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခေါ်)ဦးအုန်းခင်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်းနှင့် မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်များကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ-ထန်းဖုန်**



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်



ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဒေါ်နီနီဒွန်း



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဌေးဦး



သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း



ခနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဩဂုတ် ၉**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ပွဲတော်များကို တန်ဖိုးထားကျင်းပခြင်း ဖြစ်သကဲ့သို့ သက်ဆိုင်ရာဒေသများအတွက်လည်း အကျိုးရှိသည့်ကိစ္စဟု မြင်ပါကြောင်း၊ ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်များ၏ အနာဂတ်အတွက်လည်း အကျိုးရှိသည့်ကိစ္စ ဖြစ်ပါကြောင်း၊ ပွဲတော်တွင်ပါဝင်ဆင်နွှဲခဲ့ကြသည့် လူငယ်များအနေဖြင့်လည်း ဘဝတစ်သက်တာအတွက် အမှတ်တရကောင်းများရရှိနိုင်ပါကြောင်း၊ ပွဲတော်မှ စုပေါင်းလုပ်ဆောင်တတ်မှုနှင့် တက်ကြွစွာပါဝင်ဆင်နွှဲခဲ့မှု အတွေ့အကြုံကောင်းများ ရရှိပြီး အနာဂတ်အတွက် အထောက်ပံ့များ ရရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ထည့်သွင်းကျင်းပမည့် စာပေ၊ နည်းပညာ၊ အနုပညာနှင့် အားကစားဆိုင်ရာများတွင် ပါဝင်သင့်သည့်အချက်များကို အကြံပြုဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရန်အတွက် လျာထားအစီအမံကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက အကြံပြုဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွှဲပျော်စို့ ဆောင်ပုဒ်သတ်မှတ်၍ မကွေးတက္ကသိုလ်၌ ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးရုံးသို့ ရောက်ရှိပြီး ခရိုင်ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ မကွေးဒေသရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား စုစည်းတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ခရိုင် (ပြန်/ဆက်)

## အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၉**

အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း Smt. Sushma Swaraj ကွယ်လွန်သည့်အတွက် ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ကြည်ကြည်စိန်သည် ရန်ကုန်မြို့ အမှတ်(၅၄၅/၅၄၇) ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပညာရေးစနစ်နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်သည် ဂျပန်နိုင်ငံ Toyo Eiwa Women's College (TEWC) မှ Professor Saburo Takizawa ဦးဆောင်သည့် ကျောင်းသား ကျောင်းသူများအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံပညာရေးစနစ်နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံ၏ တိုင်းရင်းသားစာပေသင်ကြားမှုများ၊ ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ လက်မှုပညာ သင်ကြားပို့ချပေးမှုများနှင့် ပညာရေးကဏ္ဍတိုးတက်မှု အခြေအနေများကို မေးမြန်းမှုအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့သို့ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၀၃ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၆၅၅၉ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူငယ်များ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို စည်းလုံးညီညွတ်မှုဖြင့် ကျော်လွှားအောင်မြင်အောင် ကြိုးစားလျက်ရှိ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ၊ Mr.Saburo Takizawa ဦးဆောင်သော ဂျပန်လေ့လာရေး ကျောင်းသား ကျောင်းသူများအဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဩဂုတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဂျပန်နိုင်ငံ Toyo Eiwa Women's College မှ Visiting Professor and Special Advisor For UNHCR ဖြစ်သူ Mr.Saburo Takizawa ဦးဆောင်သော ဂျပန်လေ့လာရေး ကျောင်းသား ကျောင်းသူများအဖွဲ့နှင့် ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနရှိ ဦးစီးဌာနသုံးခုမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များ၊ မူဝါဒများနှင့် ဥပဒေများ ချမှတ်ပြဋ္ဌာန်းရေး ဆောင်ရွက်နေမှုများ၊ လူငယ်မူဝါဒများချမှတ်၍ လူငယ်များ၏ အခန်းကဏ္ဍများ ပိုမိုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆန္ဒပြုသော လူငယ်မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ လူငယ်များ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို လူငယ်များ၏အတွေးသစ်၊ အမြင်သစ်များနှင့် စည်းလုံးညီညွတ်မှုဖြင့် ကျော်လွှားအောင်မြင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ မြန်မာနိုင်ငံပေါ် ကူညီထောက်ပံ့မှုများနှင့် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် Mr. Saburo Takizawa က မြန်မာနိုင်ငံသို့လေ့လာရေး ခရီးလာရောက်သည်မှာ ခုနစ်ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့ ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြီး ကြုံတွေ့ခဲ့ရသဖြင့် ယခုအချိန်ထိ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေရဆဲဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံသည် ကျွန်းနိုင်ငံဖြစ်သဖြင့် ယခင်က ဂျပန်လူမျိုးတစ်မျိုးသာရှိခဲ့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအရ နိုင်ငံတကာမှ နိုင်ငံခြားသားများ ကျွန်းတိုင်းတွင် ရောက်ရှိနေသဖြင့် မြန်မာနိုင်ငံကဲ့သို့ပင် အနာဂတ်တွင် မတူကွဲပြားမှုဆိုင်ရာ ပြဿနာများ ဖြေရှင်းရနိုင်သည်ဟု ယူဆမိကြောင်း၊ အနာဂတ်လူငယ်များသည် တိုင်းပြည်၏ အခက်အခဲများကို ဖြေရှင်းရာတွင် အဓိကအရေးပါ ပါကြောင်းနှင့် မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ဒေသအသီးသီး၊ အလွှာအသီးသီးမှ လူငယ်များနှင့်တွေ့ဆုံ၍ အတွေးအမြင် ဗဟုသုတ၊ အတွေ့အကြုံများဖလှယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဂျပန်လူငယ်များနှင့် အဖွဲ့ဝင်များက မေးခွန်းများ မေးမြန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ထုတ်လုပ်သည့် လက်မှုပစ္စည်း အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် မြန်အောင်မြို့နယ် မြို့ရွှေကျောင်း ပရဟိတမှ ဆရာတော်နှင့် အုပ်ချုပ်သူများ ခေါင်းဆောင်သော ပရဟိတကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅ ဦး အဖွဲ့တို့သည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လေ့လာရေးခရီးစဉ် လာရောက်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ ပရဟိတ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများ၏ သိရှိလိုသော မေးခွန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပေးသည်။ ထို့နောက် ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ပေးအပ်ခဲ့ပြီး ပရဟိတကျောင်းမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကများဖြင့် ဖြေဖျော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံအဆောက်အဉီတွေ ပြည့်စုံအောင်လုပ်ပြီးရင်တော့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်မှာဖြစ်ပါတယ်

**မြန်မာနိုင်ငံတောင်ဘက်ပိုင်းဒေသ ဖွံ့ဖြိုးရေးသာမက အာဆီယံဒေသတွင်း၌ အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်လာမည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရာမှ ယခုအခါ မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံပူးပေါင်းပြီး စီမံကိန်းပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။**

သို့ဖြစ်၍ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အခြေအနေနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်က နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ ကနဦးစီမံကိန်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက အီတာလျံထိုင်းကုမ္ပဏီနဲ့ လုပ်ခဲ့တာပါ။ ၂၀၀၈ ခုနှစ်ကတည်းက စခဲ့ပေမယ့် လုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာတဲ့အတွက် ၂၀၁၃ ခုနှစ်မှာ ရပ်ခဲ့ပါတယ်။ အဲဒီတုန်းက လုပ်ခဲ့တာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ပါ။ နောက်ပိုင်းမှာ တင်ဒါပြန်ခေါ်ခဲ့တာ အီတာလျံထိုင်းကုမ္ပဏီပဲ ပြန်နိုင်ပါတယ်။ ပြန်နိုင်တဲ့အခါမှာ စာချုပ်တွေချုပ်ခဲ့တယ်။ စီမံကိန်းလုပ်ငန်းကိုးခု လုပ်မယ်ဆိုပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာလည်း အီတာလျံထိုင်းကုမ္ပဏီက လုပ်ငန်း ကြန့်ကြာမှုတွေရှိခဲ့ပါတယ်။ အဓိက ငွေရေးကြေးရေး အခက်အခဲရှိတယ်လို့ သိရပါတယ်။ မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေလည်းရှိပါတယ်။ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်၊ လူမှုရေးလေ့လာဆန်းစစ်ချက်၊ မြေငှားစာချုပ် ဒီဟာတွေကိုလည်း ကျွန်တော်တို့ကော်မတီက တာဝန်ယူပြီး ဒီအချက်အလက်တွေကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ အခုနောက်ဆုံး ကျန်နေတာက မြေငှားစာချုပ်ဖြစ်ပါတယ်။ မြေငှားစာချုပ်ကလည်း မြန်မာဘက်က အီတာလျံထိုင်းနဲ့ ဆွေးနွေးတာ တစ်နှစ်ကျော်ကြာပြီးတဲ့အခါမှာ အပြီးသတ်လုပ်နိုင်ခဲ့ပါပြီ။ ဒီဟာကိုလည်း အီတာလျံထိုင်းကုမ္ပဏီဘက်ကို ပေးပို့သွားမယ်။ ပေးပို့ပြီးသွားရင် ၂၁ ရက်အတွင်းမှာ အီတာလျံထိုင်းကုမ္ပဏီက မြေငှားစာချုပ်ကို လက်ခံမလား၊ လက်မခံဘူးလားဆိုတာ အကြောင်းပြန်မှာဖြစ်ပါတယ်။ လက်ခံမယ်ဆိုရင် စီမံကိန်းတွေ စတင်အကောင်အထည်ဖော်နိုင်မယ်လို့ မြင်ပါတယ်။

**ထိုင်းနိုင်ငံက ချေးငွေယူပြီး တည်ဆောက်မှာဖြစ်**

နောက်တစ်ခုက ကနဦးစီမံကိန်းထဲမှာပါဝင်တဲ့ နှစ်လမ်းသွား ကားလမ်းကိစ္စဖြစ်ပါတယ်။ နှစ်လမ်းသွားကားလမ်းက မြန်မာအစိုးရကနေပြီးတော့ တည်ဆောက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံကနေချေးငွေယူပြီး တည်ဆောက်မှာဖြစ်ပါတယ်။ ဒီလမ်းကတော့ အရင်တုန်းက အီတာလျံထိုင်းကနေ မြေသားကားလမ်း တည်ဆောက်ပြီးသား ဖြစ်ပါတယ်။ ထိုင်းနယ်စပ်ကနေ ထားဝယ်အထူးစီးပွားရေးဇုန်အထိ ဖြစ်ပါတယ်။ ၁၃၈ ကီလိုမီတာ ရှည်ပါတယ်။ ထိုင်းဘက်က အဆိုပြုထားတာကတော့ ထိုင်းဘတ်ငွေ ၄ ဒသမ ၅ ဘီလီယံကုန်မယ်လို့ ခန့်မှန်းထားပါတယ်။ တကယ်ကုန်နိုင်ခြေရှိမရှိ လမ်းလုံခြုံစိတ်ချရမှု၊ လမ်းဒီဇိုင်း ဒါတွေကို ကွင်းဆင်းလေ့လာဖို့ ထိုင်းဘက်ကငွေချေးမယ့်အဖွဲ့ဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေးအေဂျင်စီ (NEDA) က ကွင်းဆင်းလေ့လာနေပါတယ်။ စက်တင်ဘာလကုန်မှာ သူတို့ရဲ့ကွင်းဆင်းလေ့လာမှုပြီးပါမယ်။ ပြီးတဲ့အခါကျရင် လမ်းလုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ကုန်ကျစရိတ် အဲဒါတွေထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါတွေထွက်လာပြီဆိုရင် ထိုင်းအစိုးရနဲ့မြန်မာအစိုးရတို့ ချေးငွေစာချုပ်လက်မှတ်ရေးထိုးမှာ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီးသွားရင် လမ်းဆောက်လုပ်မယ့် ကုမ္ပဏီကို တင်ဒါခေါ်မှာဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကတော့ ထိုင်းချေးငွေယူထားတဲ့အတွက် ထိုင်းဘက်မှာ မှတ်ပုံတင်ထားတဲ့ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက တင်ဒါခေါ်ပြီး လမ်းဆောက်လုပ်ရေး စလုပ်မှာဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် ၂၀၂၀ ပြည့်နှစ် လလယ်ပိုင်းလောက်မှာ စလုပ်နိုင်မယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံဘက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနဘက်က တာဝန်ယူပြီးတော့ ထိုင်းနိုင်ငံဘက်ကတော့ NEDA အဖွဲ့က တာဝန်ယူ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကတော့ ကနဦးစီမံကိန်းနဲ့ ပတ်သက်ပြီး တိုးတက်မှုအခြေအနေပါ။

ဒုတိယပိုင်းကတော့ Full phase လို့ခေါ်တဲ့ ပင်မစီမံကိန်းပါ။ ဧရိယာအားဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုလုံးက ၁၉၆ စတုရန်းကီလိုမီတာရှိပါတယ်။ ကနဦးစီမံကိန်းက ၂၇ စတုရန်းကီလိုမီတာရှိပါတယ်။ ကျန်နေတာက ၁၆၉ စတုရန်းကီလိုမီတာပါ။ မူလသဘောတူညီချက်မှာတော့ ကနဦးစီမံကိန်းပြီးသွားမှ ပင်မစီမံကိန်းအကောင်အထည်ဖော်မယ်လို့ သဘောတူညီခဲ့ပေမယ့် ကနဦးစီမံကိန်းက နောက်ကျနေတယ်၊ နှောင့်နှေးနေတယ်ဆိုတဲ့အတွက် ကနဦးစီမံကိန်းနဲ့ ပင်မစီမံကိန်းကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်တာက မြန်မာနိုင်ငံအတွက် ပိုပြီးကောင်းမယ်လို့ ယူဆပါတယ်။

**နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်**

ပင်မစီမံကိန်းနဲ့ ပတ်သက်လို့ပြောမယ်ဆိုရင် ၂၀၁၅ ခုနှစ်မှာ ထိုင်းနိုင်ငံဘက်ကနေ မဟာစီမံကိန်း (Master Plan) ရေးဆွဲခဲ့တာရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံဘက်ကနေ အကူအညီပေးချင်တဲ့အတွက် (JICA) ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကနေပြီးတော့ ၂၀၁၇ ခုနှစ်မှာ ယခင်ရေးဆွဲထားတဲ့ မဟာစီမံကိန်း (Master Plan)ပေါ်မှာ အခြေခံထားပြီးတော့ လေ့လာမှုလုပ်ခဲ့ပါတယ်။ တစ်နှစ်ကြာပါတယ်။ JICA ရဲ့ လေ့လာမှုစာတမ်းဆိုပြီး ခေါ်ပါတယ်။ အဲဒီဟာလည်းပြီးသွားပါပြီ။ စီမံကိန်းလေ့လာမှုတွေ ပြီးသွားတဲ့အတွက် ဒါကိုဘယ်လို အကောင်အထည်ဖော်မလဲဆိုတာ စတင်စဉ်းစားတော့မယ်။ JICA ရဲ့စီမံကိန်းထဲမှာလည်း ပင်မစီမံကိန်းက အပိုင်းသုံးပိုင်းခွဲထားပါတယ်။ အခုကနေ ၂၀၃၀ ကို ပထမပိုင်း၊ ၂၀၃၀ ကနေ ၂၀၄၀ ကို ဒုတိယပိုင်း၊ ၂၀၄၀ ကနေ ၂၀၅၀ ကို တတိယပိုင်း ပင်မစီမံကိန်းမှာဆိုရင်တော့ မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံပါလာပါပြီ။ သုံးနိုင်ငံအစိုးရတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ အစိုးရချင်း အခုကစပြီး စကားပြောရတော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပထမအဆင့်စီမံကိန်းထဲမှာ ပါဝင်တာက အခြေခံကျတဲ့အဆောက်အဉီတွေ ဥပမာ လမ်း၊ မီး၊ ရေ၊ ဆိပ်ကမ်းစတဲ့ အခြေခံအဆောက်အဉီတွေရှိမှပဲ ရင်းနှီးမြှုပ်နှံသူတွေ ခေါ်လို့ရမှာဖြစ်ပါတယ်။ လောလောဆယ် အားလုံးသိတဲ့အတိုင်း တနင်္သာရီတိုင်းဒေသကြီးအပါအဝင် ထားဝယ်အထူးစီးပွားရေးဇုန်က အခြေခံအဆောက်အဉီတွေ ပြည့်စုံခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ လာမယ့်သုံးလေးနှစ်အတွင်းမှာ အခြေခံအဆောက်အဉီတွေ ပြည့်စုံအောင်လုပ်ပြီးရင်တော့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဂျပန်ဘက်က ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ ထိုင်းဘက်က ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်မှာ ဖြစ်ပါတယ်။ အခုဖိတ်ခေါ်ချင်သော်လည်းပဲ အခြေခံအဆောက်အဉီတွေ ပြည့်စုံခြင်း မရှိသေးတဲ့အတွက် ဒါတွေကို မြန်မာ၊ ဂျပန်၊ ထိုင်း ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာ ဆွေးနွေးညှိနှိုင်းရမှာ ဖြစ်ပါတယ်။



ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်း

**မေး ။ ။ ကနဦးစီမံကိန်း အကောင်အထည်ဖော်ရာမှာ ကြန့်ကြာရတဲ့အကြောင်းရင်းက ဘာကြောင့်လဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကနဦးစီမံကိန်းမှာ ကြန့်ကြာရတဲ့အကြောင်းရင်းကတော့ မျိုးစုံရှိပါတယ်။ အီတာလျံထိုင်းဘက်က ဘဏ္ဍာငွေကြေးအခက်အခဲရှိသလို၊ နှစ်ဖက်ဖြည့်ဆည်းပေးရမယ့် အချက်တွေ၊ မြန်မာဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေ၊ အီတာလျံထိုင်းဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိတဲ့အတွက် ကြန့်ကြာတယ်လို့ ပြောလို့ရပါတယ်။

**မေး ။ ။ စီမံကိန်းအကောင်အထည်ဖော်မယ်ဆိုရင် အဓိက လိုအပ်ချက်တွေက ဘာတွေဖြစ်လာမလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ။ လောလောဆယ် ကနဦးစီမံကိန်းမှာ မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေ ပြီးသွားပြီ။ ပြီးသွားရင် အီတာလျံထိုင်းကုမ္ပဏီကို လုပ်ပိုင်ခွင့် (Notice to proceed) ပေးမှာဖြစ်ပါတယ်။ ပေးပြီဆိုရင် ဒီလုပ်ငန်းတွေကို အီတာလျံထိုင်းကုမ္ပဏီအနေနဲ့ စတင်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ အကောင်အထည်မဖော်နိုင်ဘူးဆိုရင် သူ့ရဲ့ပျက်ကွက်မှုဖြစ်တဲ့အတွက် ထိရောက်တဲ့ အရေးယူမှုတွေ ဆောင်ရွက်လို့ရပါတယ်။ အရင်ကတော့ ကျွန်တော်တို့ဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေလည်း မလုပ်နိုင်တဲ့အတွက် ထိထိရောက်ရောက် အီတာလျံထိုင်းကို ကိုင်တွယ်နိုင်ခြင်းမရှိပါဘူး။ ပင်မစီမံကိန်းနဲ့ပတ်သက်လို့ ပြောမယ်ဆိုရင်လည်း လုပ်ကိုင်မယ့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သူ (Developer) ရွေးချယ်နိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် အကြံပေးကုမ္ပဏီတွေ လိုအပ်ပါတယ်။ သုံးနိုင်ငံပူးပေါင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် နိုင်ငံတော်အဆင့်ဆွေးနွေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ထဲမှာရှိတဲ့ မြေယာတွေနဲ့ ပတ်သက်ပြီး မြေယာလျော်ကြေးတွေ ပေးပြီးသွားပြီလားဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ တိုင်းဒေသကြီးက စီမံ/ဘဏ္ဍာဝန်ကြီး ဦးဆောင်ပြီး မြေယာစီမံခန့်ခွဲမှုကော်မတီဆိုပြီး ဖွဲ့ထားပါတယ်။ မြေယာကတော့ အီတာလျံထိုင်းက လျော်ထားတဲ့ အပိုင်းတွေရှိတယ်။ မလျော်ရသေးတဲ့ အပိုင်းတွေရှိတယ်။ ဧရိယာအားဖြင့် ကျယ်လွန်းတဲ့အတွက် ဒါတွေကို တစ်ပြိုင်နက်တည်း ဖြေရှင်းမယ်ဆို အခက်အခဲရှိတယ်။ စဉ်းစားထားတဲ့ ပုံစံကတော့ လုပ်ငန်းစလုပ်မယ့်အပိုင်းကို စပြီးဖြေရှင်းမယ်။ ဥပမာ A ဆိုတဲ့အပိုင်းကို လုပ်မယ်ဆိုရင် A ဆိုတဲ့အပိုင်းကို ကန့်သတ်လိုက်မယ်။ A ဆိုတဲ့အပိုင်းမှာ လျော်ပြီးသားလား၊ မလျော်ရသေးဘူးလားဆိုတာ စာရင်းဇယားနဲ့ လေ့လာမယ်။ အဲဒါကို မြန်မာနိုင်ငံရဲ့ မြေယာစီမံခန့်ခွဲမှုဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ ရှင်းသွားမယ်။ အဲဒါပြီးသွားရင် B လုပ်မယ်ဆိုရင် B ကိုရှင်းသွားမယ်။ ဘာကြောင့်လဲဆိုတော့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့သူအနေနဲ့ ဧရိယာတစ်ခုလုံးကြီး လျော်ကြေးပေးဖို့ ရှင်းဖို့ဆိုတာ တော်တော်လေး အခက်အခဲရှိပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းသွားမယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်မယ်လို့ ယူဆပါတယ်။

**မေး ။ ။ စီမံကိန်းအကောင်အထည်ဖော်မယ်ဆိုရင် လျှပ်စစ်ပိုင်းကိုရော ဘယ်လို ဆောင်ရွက်သွားမလဲဆိုတာ ပြောပြပေးပါ။**

ဖြေ ။ ။ စက်မှုလုပ်ငန်းတည်ဆောက်မယ်ဆိုရင် လျှပ်စစ်က လိုအပ်ချက်ရှိတယ်။ ကနဦး စီမံကိန်းမှာလည်း သဘာဝဓာတ်ငွေ့ရည်(LNG)နဲ့ လုပ်မယ်။ အပူငွေ့သုံးဓာတ်ငွေ့ရည် (Boil Gas) နဲ့ လုပ်မယ်လို့ ရေးထား

စာမျက်နှာ ၁၀ သို့

**မူလသဘောတူညီချက်မှာတော့ ကနဦးစီမံကိန်းပြီးသွားမှ ပင်မစီမံကိန်းအကောင်အထည်ဖော်မယ်လို့ သဘောတူညီခဲ့ပေမယ့် ကနဦးစီမံကိန်းက နောက်ကျနေတယ်၊ နှောင့်နှေးနေတယ်ဆိုတဲ့အတွက် ကနဦး စီမံကိန်းနဲ့ ပင်မစီမံကိန်းကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်တာက မြန်မာနိုင်ငံအတွက် ပိုပြီး ကောင်းမယ်လို့ ယူဆပါတယ်**



ထားဝယ် အထူး စီးပွားရေးဇုန် စီမံကိန်း ပုံစံငယ်။

# ဖွဲကကျောရိုး၊ ဝီရိယမှာ ထမ်းပိုး

ဝေဖြိုးဟန် (အင်းစိန်)

**"နွားကွဲလျှင် ကျားဆွဲမည်" ဆိုသော စကားပုံကို ကျွန်တော်တို့ ကြားဖူးကြပါလိမ့်မည်။ အချင်းချင်းညီညွတ်ရေး ပြိုပျက်တော့မည့် အရိပ်အယောင်မြင်ရသည့်အခါများ၌ ဤစကားပုံဖြင့် ခိုင်းနှိုင်းကြလေ့ရှိ၏။ ရှမ်းစကားပုံမှာဖြင့် "နွားကွဲလျှင် အမဲသားဖြစ်မည်" ဟူသတည်း။ အဓိပ္ပာယ်ချင်းတူပြီး အတွေးရသ၌ ရှမ်းစကားပုံက ပိုမိုပေါ်လွင်ထင်ရှားစေပါသည်။ ဤစကားပုံများ၏ အနှစ်သာရမှာ ညီညွတ်နေကြသူများကြား အဖုအထစ်၊ အဆီအငေါ်မတည့်မှု တစ်စုံတစ်ရာ ဝင်ရောက်လာသည့်အခါ ဖြစ်လေ့ဖြစ်ထရှိသော အချင်းချင်းရန်စောင်လာခြင်း၊ သွေးကွဲလာခြင်း၊ အုပ်စုကွဲလာခြင်းများကို ဟန့်တားဆုံးမသော ရှေးလူကြီးများ၏ အဆိုအမိန့်ပင်ဖြစ်လေသည်။**

လူသတ္တဝါများကိုမဆိုထားနှင့်၊ တိရစ္ဆာန်များသည်ပင်လျှင် အစုအဖွဲ့နှင့် ညီညွတ်စွာကျင်လည်လှုပ်ရှားသွားလာနေထိုင်ကြရသည်။ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ကွဲထွက်သွားလျှင် အန္တရာယ်အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ စုပေါင်းအားမရှိ၍ ရှုံးနိမ့်မှုများနှင့်သာ ကြုံတွေ့ရဖွယ်ရှိပါသည်။ နွားတစ်အုပ် တောထဲ၌ ဖြတ်သန်းသွားလာနေစဉ် အလစ်အငိုက်ချောင်းနေသော ကျားမှာ ရှေ့မတိုးသာဖြစ်နေရ၏။

## နွားကွဲလျှင် ကျားဆွဲမည်

သူသာရှေ့တိုးခဲ့လျှင် နွားအုပ်၏ လက်ချက်ဖြင့် အသက်ထွက်သွားရပေလိမ့်မည်။ သို့ရာတွင် ထိုနွားအုပ်ထဲမှ တစ်ကောင်စ နှစ်ကောင်စကွဲထွက်သွားခဲ့ပါမူ ချောင်းနေသောကျားသည် အကြိုက်ဖြစ်လေပြီ။ နွားအုပ်ကိုသာမယှဉ်ရဲသော်လည်းတစ်ကောင်၊ နှစ်ကောင်ကိုဖြင့် အသာအယာပင်ခုန်အုပ်၍ ဝါးမြိုပစ်လိုက်ပေလိမ့်မည်။ ထို့ကြောင့် နွားကွဲလျှင်ကျားဆွဲမည်၊ နွားကွဲလျှင် အမဲသားဖြစ်မည်ဟူသော စကားပုံများထားရှိခဲ့ခြင်းဖြစ်ပါသည်။

စုပေါင်းအားသည် ညီညွတ်မှုကိုအခြေခံ၏။ တစ်နည်းဆိုရလျှင် Teamwork ဖြစ်သည်။ အလွန်ပင်သေးငယ်လှစွာသော ပုရွက်ဆိတ်ကလေးများသည် တစ်ကောင်တည်းဆိုပါက အားမာန်ကြီးလှသည့် ဆင်ကြီးကိုယှဉ်ပြိုင် အန်တုရန်မစွမ်းသာချေ။ ပုရွက်ဆိတ်လေးများ၏ ညီညွတ်မှု စုပေါင်းအားဖြင့် ပုရွက်ဆိတ်အုံလုံးကြီး ပြုလုပ်ပြီး တုံ့ပြန်ခဲ့သော် ခွန်အားဗလကြီးမားသော ဆင်သတ္တဝါကြီး မြေပြင်ပေါ် ဗုန်းဗုန်းလဲကျသွားနိုင်၏။ ထို့အတူ သောင်ပြင်ကမ်းနားမှာ တစ်ကောင်ချင်းစီသွားလာနေသည့် ကဏန်းကောင်လေးများဆီ ကောင်းကင်ယံမှာ ဝဲပျံနေသော စွန်ငှက်က နှုတ်သီးဖြင့် ထိုးစိုက်ပြီး အစာအဖြစ်သိမ်းပိုက်ရန် အဟုန်ပြင်းစွာ ဆင်းလာအခိုက် ကဏန်းညီနောင်များ၏ ညီညွတ်မှုအားများ စုပေါင်းလိုက်ရာ စွန်ငှက်ခင်မျာ အမွေးအတောင်များပင်ကျွတ်၍ သဲသောင်ပြင်ပေါ် မရှုမလှကျခဲ့ရသော ပုံပမာသာဓကများ ရှိခဲ့ပါသည်။

## စုပေါင်းဆောင်ရွက်ခြင်း အကျိုး

ကျွန်တော်တို့လူသားများသည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်နားလည်မှုများဖြင့် စုပေါင်းလုပ်ကိုင် ဆောင်ရွက်တတ်ကြမည်ဆိုလျှင် လူ့ဝန်းကျင် လူ့အသိုင်းအဝိုင်း၌ စစ်မက်ဖြစ်ပွားစရာတွေ အလျဉ်းရှိလာလိမ့်မည် မဟုတ်ပေ။ ငြိမ်းချမ်းရေး အသီးအပွင့်များ ဝေဆာဖူးပွင့်နေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ကမ္ဘာနှင့်တစ်ဝန်းလူသားများအားလုံး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေထိုင်နိုင်ကြဖို့ အရေးကြီးလှပေသည်။

ကိုင်းပင်သည် ကျွန်းကိုမှီ၍ ပေါက်ရောက်ရသည်။ ကျွန်းသည်လည်း ကိုင်းပင်ကြောင့် တည်တံ့ရသည်။ ကိုင်းနှင့် ကျွန်းသည် အချင်းချင်း အပြန်အလှန် အမှီသဟဲပြုကာ ကျွန်းရောကိုင်းပါ အကျိုးဖြစ်ထွန်းရသည်။ ဤသဘောတရားအတိုင်းပင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် အချင်းချင်းအပြန်အလှန် အမှီသဟဲပြုပြီး တစ်ဦးအကျိုး၊ တစ်ဦးပြုကာ ယှဉ်တွဲနေထိုင်သွားနိုင်ရေးအထူးကြိုးပမ်းကြဖို့ လိုအပ်ပါသည်။

အထူးသဖြင့် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ကြသော ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံကြီး၌ ညီညွတ်မှုအား၊ စည်းလုံးမှုအား၊ အချင်းချင်းအပြန်အလှန် အမှီသဟဲပြုမှုအားများ ရှိဖို့အရေးကြီးလှပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အသက်တမျှ တန်ဖိုးကြီးလှသောအရာဖြစ်ပေ၏။ တန်ဖိုးရှိသော အရာကို တန်ဖိုးသိမှတန်ဖိုးရှိပေလိမ့်မည်။ ထိုတိုင်းရင်းသားစည်းလုံးညီညွတ်ရေးတန်ဖိုးကို ကောင်းစွာသိမြင်နားလည်ခဲ့သော ခေါင်းဆောင်များကြောင့် ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်သည် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သော သမိုင်းမော်ကွန်းဝင်မှတ်တမ်း ဖြစ်ခဲ့ရသည်။

> "ကျောရိုးသည် လူ့ခန္ဓာကိုယ်၏ အရေးကြီးသောအဓိကအစိတ်အပိုင်းဖြစ်သည်။ ကျောရိုးမခိုင်လျှင် သွားလာလှုပ်ရှားခြင်းမပြုနိုင်။ ထို့ကြောင့် ကချင်ဂိမ်းဖော့တို့က ဖွဲ၏အရေးကြီးပုံကို ကျောရိုးနှင့်နှိုင်းပြပြီး ဖွဲကိုအမာခံပြုရန် ဆိုထားသည်။ ဝီရိယလည်း ထို့အတူလိုအပ်ပေ၏။ ထို့ကြောင့် ဝီရိယကိုပါ ထမ်းပိုးသဖွယ် ထမ်းရွက်ထားအပ်ကြောင်းဆိုလိုပါသည်။ ဖွဲနှင့်ဝီရိယရှိလျှင် ကောင်းမြတ်သော စီးပွားချမ်းသာများကို ရနိုင်လိမ့်မည်"

## တန်ဖိုးသိမှ တန်ဖိုးရှိမည်

သို့ရာတွင် ကြီးမားမြင့်မြတ်လှသော တန်ဖိုးကို မသိနားမလည်သူများကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်လာခဲ့ပြီး မြန်မာနိုင်ငံကြီးသည်လည်း လှျမ်းလျှမ်းတောက်ထိန်ထိန်ညီးရမည့်အစား ချွတ်ခြုံကျ မွဲပြာခဲ့ရသော အခြေသို့ စိုက်ခဲ့ရလေ၏။ မြန်မာပြည်၌ ရေမြေတောတောင် သဘာဝသယံဇာတများ ပေါကြွယ်ဝပါလျက်နှင့် ကောင်းမွန်သေသပ်စည်းစနစ်ကျစွာ ခွဲဝေအသုံးမချနိုင်ခဲ့၍ မြန်မာနိုင်ငံသည် သူများနောက်ရောက်မှန်းမသိ ရောက်ခဲ့ရလေ၏။

ကျွဲဟူသည် အဟိတ်တိရစ္ဆာန်မျှဖြစ်ရာ သာယာသောစောင်းသံကိုမည်သို့မျှ နားလည်နိုင်စွမ်း၊ ခံယူနိုင်စွမ်းမရှိ။ ယင်းသတ္တဝါ၏ အနီးအပါးဝယ် မည်မျှသာယာသောစောင်းသံကိုတီးပြစေကာမူ အချည်းအနှီးအကျိုးမဲ့သာဖြစ်ပေမည်။ ထို့အတူပင် လူ့လောက၌ မသိနားမလည်၊ ပညာမဲ့သောသူတို့အား မည်မျှလေးနက် အဖိုးတန်သောစကားတို့ကို ပြောကြားပါသော်လည်း နာယူရမှန်းမသိ၊ အကျိုးရှိမှန်းမသိကြသဖြင့် အချည်းအနှီးအကျိုးမဲ့ဖြစ်ရတတ်ခြင်းကို မြန်မာစကားပုံတွင် ကျွဲပါးစောင်းတီးဟုဆိုလေသည်။ ကျွန်တော်တို့နိုင်ငံ၌ ကျွဲပါးမှာ နှစ်ပေါင်း ၅၀ ကျော်လောက် စောင်းတီးခဲ့ကြသလို ဖြစ်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများပေးခဲ့သော ပင်လုံစိတ်ဓာတ်အမွေ ပျောက်ဆုံးခဲ့ကြရ၏။ ထိုပင်လုံစိတ်ဓာတ်ကို ပြန်လည်ရှင်သန်စေရန် ကြိုးပမ်းခဲ့ကြသူများသည်ပင် သွားပါသော်လည်း ခရီးမတွင်ဖြစ်ခဲ့ကြသည်။ အားမတန်မာန်လျှော့ခဲ့ကြရသည်။

ယခုအချိန်အခါသမယသည် သမိုင်းမော်ကွန်းအသစ်တစ်ခုကို ရေးထိုးနိုင်ရေးကြိုးပမ်းနေသော ကာလဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သင့်ပြင်ထိုက်သော အချက်အလက်များအား ပြည်ထောင်စုလွှတ်တော်ကြီး၌ ဆွေးနွေးနေကြပြီဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဦးတည်ချက်ထား ဆောင်ရွက်ကြရန် အချိန်တန်ပါပြီ။

## ပြည်သူ့ဘဝ လုံခြုံအေးချမ်းစေရန်

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အရင်းအမြစ်များကို ဖယ်ရှားရန် အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝ လုံခြုံအေးချမ်းစေရန် လွတ်လပ်ခြင်း၊ တူညီသောအခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်းတို့နှင့် ပြည့်စုံသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်ကြရမည့် အချိန်လည်း ဖြစ်နေပါပြီ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းရင်းသားများ အချင်းချင်းကြား ဖြစ်ပေါ်လာသော ပြဿနာများကို အပြန်အလှန်လေးစားမှုဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းကို အထမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် အချိန်အခါလည်း ဖြစ်နေပါပြီ။

ကျွန်တော်ကြားဖူးသော ကချင်ဂိမ်းဖော့စကားပုံ တစ်ခုရှိသည်။ "ဖွဲကကျောရိုး၊ ဝီရိယမှာထမ်းပိုး" ဖြစ်၏။ ကျောရိုးသည် လူ့ခန္ဓာကိုယ်၏ အရေးကြီးသောအဓိကအစိတ်အပိုင်းဖြစ်သည်။ ကျောရိုးမခိုင်လျှင် သွားလာလှုပ်ရှားခြင်းမပြုနိုင်။ ထို့ကြောင့် ကချင်ဂိမ်းဖော့တို့ကဖွဲ၏အရေးကြီးပုံကိုကျောရိုးနှင့်နှိုင်းပြပြီး ဖွဲကိုအမာခံပြုရန် ဆိုထားသည်။ ဝီရိယလည်း ထို့အတူလိုအပ်ပေ၏။ ထို့ကြောင့် ဝီရိယကိုပါ ထမ်းပိုးသဖွယ် ထမ်းရွက်ထားအပ်ကြောင်းဆိုလိုပါသည်။ ဖွဲနှင့်ဝီရိယရှိလျှင် ကောင်းမြတ်သော စီးပွားချမ်းသာများကို ရနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။

## ရှိပြီးဖြစ်သည့် ပင်လုံစိတ်ဓာတ်

သို့ပါ၍ ကျွန်တော်တို့ တိုင်းရင်းသားညီကိုမောင်နှမများအားလုံးသည် တစ်မြေတည်းမှာနေ၊ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ လက်တွဲမဖြုတ်စတမ်း နေထိုင်သွားနိုင်ဖို့ရာ ရှိပြီးဖြစ်သည့် ပင်လုံစိတ်ဓာတ်ကို ပိုမိုခိုင်မာအောင် ကြိုးစားကြရပါမည်။ (၂၁) ရာစုပင်လုံညီလာခံကို အကြောင်းပြုပြီး ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ် ဖွဲလုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးပမ်းကြလျှင် အချိန်တိုအတွင်း ကမ္ဘာ့နောက်တန်းရောက်နေသည့်အခြေအနေမှ ရှေ့တန်းသို့ ပြန်ရောက်လာနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရလျှင် ကျွန်တော်တို့ပြည်ထောင်စုသားများအားလုံး စည်းလုံးညီညွတ်မှုမပျက်ပြားဘဲ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးမှုများဖြင့် ရှေ့အနာဂတ်ခရီးကိုချီတက်ကြရပါမည်။ နွားကွဲလျှင် ကျားဆွဲခံရမည့်အရေးများကိုတွေးလျက် အချင်းချင်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ခိုင်မာအားကောင်းရန် ကြိုးစားကြရပါမည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် အားကိုးအားထားပြု နေထိုင်ခြင်းဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ရပါမည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် အမျိုးသားရင်ကြားစေ့ရေးမှုကို လက်ကိုင်ထားပြီး အသွင်မတူညီမှုများကို အနီးစပ်ဆုံး တူညီမှုရှိလာသည်အထိ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ သာယာလှပသည့် အနာဂတ်ကို တိုင်းရင်းသားပြည်သူလူထု အားလုံးကိုယ်တိုင် ထုဆစ်ဖန်တီးကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

---

စာမျက်နှာ ၉ မှ

ပေမယ့်လည်း အခုထက်ထိ လုပ်နိုင်ခြင်းမရှိသေးဘူး။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဒီလိုအခြေခံအဆောက်အအုံကို နိုင်ငံတော်ဘက်ကနေ ဝန်ကြီးဌာနကနေ လျှပ်စစ်မီးပံ့ပိုးပေးနိုင်မယ်ဆိုရင် ကောင်းပါတယ်။ ကျွန်တော်တို့ရရှိတဲ့ သတင်း အချက်အလက်အရ လျှပ်စစ်လုပ်ငန်းဌာနကလည်း မော်လမြိုင်၊ ရေး၊ ထားဝယ် ပင်မစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့ ဖွံ့ဖြိုးမှုအကူအညီနဲ့ ဆောင်ရွက်မယ်လို့ သိရပါတယ်။ လာမယ့် ၂၀၂၁ ကျရင်တော့ ထားဝယ်ဒေသအပါအဝင် အထူးစီးပွားရေးဇုန်(SEZ) ကို နိုင်ငံတော်က လျှပ်စစ်မီးပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ။ စီမံကိန်းပြီးသွားရင် ဘယ်လိုအကျိုးရလဒ်တွေ ရလာနိုင်မလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ။ ရလာမယ့်ရလဒ်ကတော့ အများကြီးရှိပါတယ်။ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဖြစ်လာမယ်။ သီလဝါကို ကြည့်မယ်ဆိုရင်လည်း ဂျပန်က စက်ရုံ အလုပ်ရုံတွေလာတဲ့အတွက် ကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာကြတယ်။ ထို့အတူပဲ ထားဝယ်အထူးစီးပွားရေးဇုန် ပြီးသွားမယ်ဆိုရင် ဒေသခံလူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေရလာမယ်။ လျှပ်စစ်မီးရလာတဲ့အတွက် စက်မှုဇုန်အပါအဝင် တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက်လည်း စက်မှုလုပ်ငန်းတွေ ထွန်းကားလာမယ်။ ဒေသစီးပွားရေး တိုးတက်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်း ရလာမယ်။ ဒေသစီးပွားရေး တိုးတက်လာမယ်ဆိုရင် တိုင်းပြည်စီးပွားရေးလည်း တိုးတက်လာမှာပါ။ တနင်္သာရီတိုင်းဒေသကြီးက သယံဇာတတွေလည်း ကောင်းတယ်။ ငြိမ်းချမ်းရေးလည်းရှိတယ်။ ထိုင်းနိုင်ငံနဲ့ နီးစပ်တဲ့အတွက်လည်း ဒေသပထဝီအနေအထားက မဟာဗျူဟာကျတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သေသေချာချာ စဉ်းစားပြီး ဆောင်ရွက်သင့်တယ်လို့ ပြောချင်ပါတယ်။

**မေး ။ ။ ကနဦးစီမံကိန်းမှာ စက်ရုံအလုပ်ရုံတွေကို ဘယ်လိုပုံစံနဲ့အကောင်အထည်ဖော်သွားမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကနဦးစီမံကိန်းမှာ မြန်မာနိုင်ငံရဲ့အနေအထားအရ လုပ်သားအခြေပြု စက်မှုလုပ်ငန်းလေးတွေ စတင်အကောင်အထည်ဖော်ဖို့ ရည်မှန်းထားပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ခေတ်စားနေတဲ့ ငါးလုပ်ငန်းကို ငါးအချောထည်လုပ်ငန်းဖြစ်အောင်၊ ရော်ဘာလုပ်ငန်းတွေလည်း ပိုပြီးအချောထည်လုပ်ငန်းဖြစ်အောင်၊ သတ္တုလုပ်ငန်းတွေဆိုလည်း အချောထည်လုပ်ငန်းဖြစ်အောင် ကုန်ကြမ်းကနေ ကုန်ချောဖြစ်အောင်လုပ်တဲ့ လုပ်ငန်းလေးတွေ လုပ်နိုင်မယ်ဆိုရင်တော့ ဒေသစီးပွားရေးအတွက်၊ တိုင်းပြည်စီးပွားရေးအတွက် ပိုပြီးအကျိုးရှိမယ်လို့ မြင်ပါတယ်။

**မေး ။ ။ ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့တိုင်းပြည်က ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အများကြီး လုပ်စရာတွေ ရှိပါတယ်။ အလားလာရှိတဲ့လုပ်ငန်းတွေ ဥပမာအားဖြင့် ကျွန်တော်တို့ဆီမှာဆိုရင် အထူးစီးပွားရေးဇုန်ကြီးသုံးခုလုပ်မယ်လို့ ရည်မှန်းထားပါတယ်။ သီလဝါကတော့ အရှိန်ရနေပါပြီ။ ကျန်ရှိနေသေးတဲ့ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကြီးတွေကို ပိုပြီးအာရုံစိုက် လုပ်သင့်ပါတယ်။ ပြည်တွင်းမှာ စက်မှုဇုန်တွေလည်း ရှိပါတယ်။ စက်မှုဇုန်တွေ အဆင်ပြေမှ တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုက တိုးတက်မယ်။ မြန်မာနိုင်ငံမှာ စက်မှုလက်မှု လုပ်ငန်းလို့ပြောရင် အသေးစား အလတ်စား လုပ်ငန်းလေးတွေလည်း အဆင်ပြေအောင် အစိုးရအနေနဲ့ ပံ့ပိုးကူညီပေးမယ်ဆိုရင်တော့ တိုင်းပြည်အတွက် ပိုပြီးအဆင်ပြေမယ်လို့ ယူဆပါတယ်။ အခုလို ဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**

# နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၄၆၀၀၀ ခန့် ယာယီရေဘေးရှောင်စခန်းများ၌ ခိုလှုံနေရ

**နေပြည်တော် ဩဂုတ် ၉**

ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၉ ရက်(**ယနေ့**)အထိ စုစုပေါင်း လူဦးရေ ၄၆၀၀၀ ခန့်သည် ယာယီရေဘေးရှောင်နေရာများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ အရေးပေါ်တုံ့ပြန်ရေး၊ ထောက်ပံ့ကူညီရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဩဂုတ် ၈ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေရပ်ကွက်များအတွင်း ရုတ်တရက်ရေများ မြင့်တက်ခဲ့ပြီး လူဦးရေ ၆၀၀၀ ခန့်ကို ကယ်ဆယ်ရေးစခန်း ၂၀ကျော် ဖွင့်လှစ်ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။



မုဒုံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးကြစဉ်။ ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ပြည်သူလူထုအနေဖြင့်လည်း ယခုကဲ့သို့ ရေကြီးရေလျှံမှုများဖြစ်နေစဉ်ကာလတွင် မိမိတို့ဒေသ၌ ရေကြီးရေလျှံမှုများ၊မြေပြိုမှုများ၊ မြစ်ကမ်းပါးပြိုနိုင်မှုများ၊ တောင်ကျချောင်းများတွင် ရေစီးအား ပြင်းထန်မှုများ ဖြစ်ပေါ်တတ်သည့် အခြေအနေကို လေ့လာသိရှိထားရန်၊ မိုးသည်းထန်စွာရွာသွန်းချိန်၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်အချိန်များတွင် အန္တရာယ်ရှိသည့် မြစ်ချောင်းများအနီး တောင်ပြို၊မြေပြိုမှုများ ဖြစ်ပွားနိုင်သည့်နေရာများ၊ တောင်ကျချောင်းများအနီး သွားလာနေထိုင်ခြင်းများမှ ရှောင်ရှားကြရန်၊ ရေကြီးမှုများဖြစ်ပေါ်နေချိန် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကို တစ်ဦးတည်းထားခဲ့ခြင်း၊ သွားလာစေခြင်းများမှ ရှောင်ရှားရန်၊ ရေကြီးရေလျှံမှုများထဲတွင် သွားလာရန် လိုအပ်လာပါကလည်း တတ်နိုင်ပါက အသက်ကယ်အင်္ကျီ၊ ကားတာယာကျွတ်ကဲ့သို့ အသက်ကယ်ဖောကွင်းများ အသုံးပြုသွားလာရန်၊ ရေထဲဖြတ်သန်းသွားလာရပါက တုတ်ဖြင့်စမ်းထောက်သွားလာရန်၊ လျှပ်စစ်မီးအန္တရာယ်၊ မြွေ၊ ကင်း စသည့်အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်ကို သတိပြုရန် အသိပေးနှိုးဆော်ထားသည်။

ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထားဂရုပြုလိုက်နာရန်နှင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ဇွန်လမှ စက်တင်ဘာလခန့်အထိကာလအတွင်း ရေကြီးရေလျှံမှုများကို ကြုံတွေ့ရလေ့ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိုးရာသီမတိုင်မီ ကာလအတွင်းကပင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် တွေ့ဆုံကာ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးလုပ်ငန်းများ၊ ဒေသခံလူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်၍ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဖိုက်ဘာစက်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ရေစုပ်စက်များ ကြိုတင်ထောက်ပံ့ထားရှိကြောင်း သိရသည်။ ထို့ပြင် ရေဘေးအန္တရာယ် ဖြစ်ပွားချိန်တွင်လည်း ထပ်မံလိုအပ်သည့်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ရေသန့်ဆေးများ ထပ်မံပေးပို့ ထောက်ပံ့ကူညီလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**သီဟစည်သူ**

# မြို့နယ်များ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်

**ကော့ကရိတ်**

ကော့ကရိတ်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂျိုင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ် ၅၇၀ စင်တီမီတာမှ ၅၉၅ စင်တီမီတာအထိ မြင့်တက်လာ၍ ကော့ကရိတ်မြို့နယ် ကော့ပေါက်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာရှိ မြေနိမ့်ပိုင်းတွင် မြစ်ရေသည် လေးပေခန့်မြင့်တက်လာသဖြင့် မြေနိမ့်ပိုင်းနေထိုင်ကြသော ရေဘေးသင့်မိသားစုများအတွက် ဩဂုတ် ၈ ရက် နံနက် ၁၀နာရီက ဘုရားကြီးကျေးရွာ ဘုန်းကြီးကျောင်းဇရပ်နှစ်ခု၌ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရကြောင်း သိရသည်။

အဆိုပါဘုရားကြီးကျေးရွာ ဘုန်းကြီးကျောင်းရေဘေးရှောင်စခန်းသို့ ကျေးရွာရှိအိမ်ခြေ ၃၄ အိမ်မှ အိမ်ထောင်စု ၃၄ စုမှ လူဦးရေစုစုပေါင်း ၁၄၅ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ ကော့ဘိန်းနယ်မြေရဲစခန်းမှ စခန်းမှူး ဇော်မိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကော့ဘိန်းတိုက်နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးစောဟဲဒိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးပန်းအေးနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများကို ဒွေ့ဖျာကျေးရွာ၌ တစ်ခု၊ ရေပူကြီးကျေးရွာ၌ တစ်ခု၊ ကျုံဒိုးမြို့၌ သုံးခုနှင့် ယခုဘုရားကြီးကျေးရွာ၌ တစ်ခု စုစုပေါင်းရေဘေး ကယ်ဆယ်ရေးစခန်းခြောက်ခုအထိ ဖွင့်လှစ်ထားရကြောင်း သိရသည်။

**ထွန်းထွန်းထွေး၊မင်းမွန်လှထွန်း(ကော့ဘိန်း)**

**ကျိုက်ဒုံ**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့တွင် ဩဂုတ် ၉ ရက် နံနက် ၆ နာရီက မိုးသည်းထန်စွာရွာသွန်းသဖြင့် မိုးရေချိန် ၆ ဒသမ ၃၂ လက်မရှိပြီး တောင်ကျရေများကြောင့် ဟောင်သရောမြစ်ရေမှာ စိုးရိမ်ရေ အမှတ် ၁၇ ပေ (၅၁၈ စင်တီမီတာ)သို့ ကျော်လွန်ပြီး ၁၈ ပေ ၂ လက်မ (၅၅၄ စင်တီမီတာ)သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မြစ်ရေလျှံမှုကြောင့် ကျိုက်ဒုံမြို့အမှတ်၊ ၁၊ ၂၊ ၃ ရပ်ကွက်များရှိ ဘုရင့်နောင်လမ်းမကြီးနှင့် အနိမ့်ပိုင်းနေအိမ် ၃၀ ခန့်သို့ ခြောက်လက်မမှ ကိုးလက်မအထိ ရေများဝင်လျက်ရှိသည်။

ဟောင်သရောမြစ်ရေကြီးမှုကြောင့် ဒေသနေပြည်သူများ သွားလာနိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော် ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**

**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အလယ်စခန်းကျေးရွာ ရေး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် ၇၆/၆၊ ၇၇ နှင့် ၈၀/၃ နေရာတို့တွင် ယနေ့နံနက် ၇ နာရီခန့်က မြေပြိုမှုဖြစ်ကြောင်း သိရသည်။

အဆိုပါမြေပြိုကျရာတွင် မိုင်တိုင်အမှတ် ၇၆/၆၊ ၇၇ နေရာတွင် အနည်းငယ်ပြိုကျခဲ့၍ မိုင်တိုင်အမှတ်(၈၀/၃)လမ်းမနေရာ၌ ခန့်မှန်းအရှည်ပေ ၅၀၊ အကျယ်ပေ ၃၀၊ အမြင့်ငါးပေခန့် မြေများပြိုကျနေ၍ လမ်းအထူးအဖွဲ့(၂၃)မှ လက်ထောက်အင်ဂျင်နီယာဦးဇော်မင်းထွန်းပါ ငါးဦးသည် ယာဉ်များသွားလာနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကလိန်အောင်( ပြန်/ဆက်)**

**ဘီးလင်း**

ဘီးလင်းမြစ်ရေကြီးမှုကြောင့် ဘီးလင်းမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် လာရောက်ခိုလှုံသူ ၇၈၆၆ ဦးအနက် ဩဂုတ် ၈ ရက်တွင် ဘီးလင်းမြစ်ရေ စိုးရိမ်ရေအမှတ်အောက် ပြန်ကျခဲ့သည့်အတွက် ရေဘေးရှောင်ပြည်သူ ၁၃၇၈ ဦးတို့သည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့ကြောင်း ဘီးလင်းမြို့နယ် ရေဘေးကွပ်ကဲရေးရုံးထုတ်ပြန်ချက်အရ သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၅ ရက်မှ စတင်ကာ ဘီးလင်းမြစ်ရေပြန်လည်မြင့်တက်လာခဲ့ရာမှ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းနှင့်နီးသည့် ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ရေဘေးရှောင်စခန်း ၄၀ အထိဖွင့်လှစ်ခဲ့ရပြီး ဘီးလင်းမြစ်နှင့် ဒုံသမိမြစ်ရေ မြင့်တက်လာမှုကြောင့် စာသင်ကျောင်း၁၅ ကျောင်း ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ယခုနှစ် ဘီးလင်းမြို့နယ် ရေကြီးနစ်မြုပ်မှုတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခဲ့သည့်အတွက် ရိက္ခာထောက်ပံ့ရေး ကဏ္ဍနှင့် ရန်ကုန်- မော်လမြိုင်ကားလမ်းသွားလာမှုမှာ ပြတ်တောက်သွားသည့်အနေအထားမျိုးမရှိကြောင်း ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးက ပြောသည်။

**ကိုဟိန်း (ပေါင်)**

# ဝိုင်းမော်မြို့နယ်ရှိ တံတားတစ်စင်း တန်ပိုယာဉ်ဖြတ်သန်းမှုကြောင့် ကျိုးကျ


**ကန်ပိုင်တည် ဩဂုတ် ၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ဝိုင်းမော်-ဆဒုံး-ကန်ပိုင်တည် လမ်းပိုင်း၌ ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းက တန်ပိုယာဉ်တစ်စီး ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားအမှတ်(၆/၅၆)မှာ တံတား၏ သုံးပုံနှစ်ပုံခန့် နိမ့်ဆင်းကျိုးကျသွားခဲ့ကြောင်း တရုတ်နိုင်ငံ ထိန်မင်း လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။



အဆိုပါတံတားမှာ မြန်မာနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံကြား ကချင်ပြည်နယ်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အဓိကအသုံးပြုသည့် တံတားတစ်စင်းဖြစ်ကာ ဇူလိုင်လပထမပတ်က မိုးရေတိုက်စားမှုကြောင့် တံတားကမ်းကပ်ခုံ ရေတိုက်စားပြီး ယာဉ်များသွားလာမှု ပြတ်တောက်ခဲ့ကာ ထိန်မင်း လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ပြင်ဆင်ဆောင်ရွက်ထားသည့် တံတားဖြစ်သည်။

**ဝင်းနိုင်(ကချင်မြေ)**



# ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရေးဆိုင်ရာ ရှင်းလင်း အခွန်အများဆုံးထမ်းဆောင်သူများအား ဂုဏ်ပြု

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော် အခွန်ဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေအတွင်း အခွန်အများဆုံး ထမ်းဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့် ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရေးဆိုင်ရာ ရှင်းလင်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)တွင် ကျင်းပသည်။


အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာန တိုင်းဦးစီးမှူး သူရဦးထင်ကျော်မိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း အခွန်အများဆုံးထမ်းဆောင်သူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၁၀၀၀ တွင် ပါဝင်သည့် အခွန်ထမ်း လေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာန တိုင်းဦးစီးမှူး သူရဦးထင်ကျော်မိုးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာသင်းက ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသပေး

**နေပြည်တော် ဩဂုတ် ၉**

နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ကိုရီးယားနိုင်ငံ Chosun University, Department of Oral and Maxillofacial Surgery မှ ပါမောက္ခ Seong Yong Moon ဦးဆောင်သောအဖွဲ့နှင့် သွားဘက်ဆိုင်ရာတက္ကသိုလ်(ရန်ကုန်) မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာနရှိ ဆရာ ဆရာမများ ပူးပေါင်း၍ ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာ ၂၄ ဦးတို့ကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံပညာရှင်များ ပူးပေါင်း၍ မေးရိုးနှင့်ခံတွင်း ကင်ဆာဝေဒနာရှင် တစ်ဦးကိုလည်း မေးရိုးအစားထိုးကုသမှုပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မောင်မျိုး**

# U-23 Volleyball Championship ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) နှင့် (C) တို့၌ ဆက်လက်ကျင်းပသည်။

ယနေ့ပွဲစဉ်များကို နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်များ အနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)တွင် ပါကစ္စတန်နှင့် ကာဇက်စတန်၊ ဂျပန်နှင့်သီရိလင်္ကာ၊ တရုတ်(တိုင်ပေ)နှင့် တရုတ်အသင်း၊ အိန္ဒိယနှင့် ဩစတြေးလျအသင်းတို့သည် နိုင်ငံအလိုက် အဆင့် သတ်မှတ်ချက် (၁)မှ (၈)အတွင်းလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)တွင် ဘာရိန်းနှင့် ဗီယက်နမ်၊ မြန်မာနှင့် ထိုင်းအသင်းတို့သည် နိုင်ငံအလိုက်အဆင့် သတ်မှတ်ချက် ၉ မှ ၁၂ အတွင်းလည်းကောင်း၊ ကာတာနှင့် နယူးဇီလန်၊ ဆော်ဒီအာရေဗျနှင့် တရုတ် (ဟောင်ကောင်)တို့သည် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် ၁၃ မှ ၁၆ အတွင်းသို့ လည်းကောင်း ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ပါကစ္စတန်နှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၂၅-၂၁ မှတ်၊ ၂၅-၁၈ မှတ်၊ ၁၇-၂၅ မှတ်၊ ၂၅-၂၁ မှတ်ဖြင့် လည်းကောင်း၊ ဂျပန်အသင်းနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၂၅-၂၁ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၄ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ဗီယက်နမ်အသင်းနှင့် ဘာရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၂၅-၁၈ မှတ်၊ ၂၅-၁၉ မှတ်၊ ၂၅-၁၄ မှတ်ဖြင့် လည်းကောင်း၊ ကာတာနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၂၂-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၆-၂၄ မှတ်၊ ၂၅-၁၃ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ တရုတ်(တိုင်ပေ) အသင်းနှင့် တရုတ်အသင်း၊ အိန္ဒိယနှင့် ဩစတြေးလျအသင်း၊ ဝဏ္ဏသိဒ္ဓိ အားကစား ရုံ (C)၌ ဆော်ဒီအာရေဗျအသင်းနှင့် တရုတ်(ဟောင်ကောင်)အသင်း၊ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

အဆိုပါ SMM 3rd Asian "Asia World Foundation" Men's U-23 Volleyball Championship ပြိုင်ပွဲကို ၃-၈-၂၀၁၉ ရက်မှ ၁၁-၈-၂၀၁၉ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)နှင့် (C)တို့၌ နေ့စဉ် နံနက် ၁၁ နာရီမှ စတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ဒုတိယပိုင်း ၁၅ မိနစ် ကစားရသဖြင့် အုပ်စု(၁)တွင် မလေးရှားအသင်းက ပထမ၊ ဘင်္ဂလားဒေ့ရှ်အသင်းက ဒုတိယနှင့် ကိုရီးယားအသင်းက တတိယအဖြစ် လည်းကောင်း၊ အုပ်စု(၂)တွင် အီဂျစ်အသင်းက ပထမ၊ ဩစတြေးလျအသင်းက ဒုတိယနှင့် မော်လ်ဒိုက်အသင်းက တတိယအဖြစ် လည်းကောင်း၊ အုပ်စု(၃)တွင် မြန်မာအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် အိန္ဒိယ(ခ)အသင်းက တတိယဆု ရရှိခဲ့သည်။

အဆိုပါ အောင်ပွဲရ မြန်မာ ဉာဏ်ရည်မသန်စွမ်းသူများ ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်ဦးဆောင်သော မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်(ငြိမ်း)၊ အုပ်ချုပ်၊ နည်းပြနှစ်ဦး၊ ကစားသမားရှစ်ဦး စုစုပေါင်း ၁၁ ဦးတို့သည် ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကာ Special Olympics မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဆုရအားကစားသမားများ၏ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြောင်း သိရသည်။

**ဗလစိုး**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ကစားသမားများလျှော့ချပြီး လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဩဂုတ် ၉**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ကစားသမားများလျှော့ချပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇူလိုင် ၁ ရက်မှစ၍ ကစားသမား ၃၀ ဖြင့် စတင်လေ့ကျင့်ခဲ့ပြီးနောက်ပိုင်းတွင် ကစားသမားများ ထပ်တိုးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ရက်ပေါင်း ၄၀ ကျော်ကာလအတွင်း ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး ကစားသမားနှစ်ဦး လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် လင်းလက်ဦးနှင့် ဇင်မာထွေးတို့ကို လျှော့ချခဲ့ရာ လက်ရှိတွင် ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်နေကာ စက်တင်ဘာတွင် ကစားသမားများ ထပ်မံလျှော့ချမည်ဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရာတွင် ငါးဂိုးပြတ်အနိုင်ရခဲ့ကာ ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှယူ-၁၉ အမျိုးသမီးပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြင်ဆင်ချိန် နှစ်လနီးပါး ထပ်မံရရှိမည် ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ်လ(၃)ရက်နေ့မှ (၉)ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | မဂ္ဂဇင်းဝတ္ထုတိုများ | မိုးငြိမ်းဇေ | စိတ်ကူးချိုချို | ၅၅၀၀ |
| ၂။ | တရားမလျှောက်လဲချက် နမူနာများ(၃) | ဓနုဖြူဦးသန်းဆွေ | အားမာန်သစ် | ၃၀၀၀ |
| ၃။ | ရာဇဝတ်လျှောက်လဲချက် နမူနာများ (၂) | ဓနုဖြူဦးသန်းဆွေ | အားမာန်သစ် | ၃၀၀၀ |
| ၄။ | သုတဥ္ဇလီ | ဦးသော်ဇင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၅။ | တိမ်ယောင်ဆောင်သောမီးခိုးများ | မိုးဖြူ | စိတ်ကူးချိုချို | ၂၀၀၀ |
| ၆။ | တိမ်မြုပ်နေသော သခင်ကိုယ်တော်မှိုင်းစာပေများ | မြင့်ဆွေ | စိတ်ကူးချိုချို | ၉၀၀၀ |
| ၇။ | ဗုဒ္ဓဝန္ဒနာ ကလေးကဗျာ | မောင်ရော | ဇွန်ပွင့် | ၃၀၀၀ |
| ၈။ | အိတ်တီအိတ် အက်ဆေး | အောင်ဆင့် | Smart | ၁၈၀၀ |
| ၉။ | ကြွေပေမယ့် ဝေနေသူများ၏ အတွေးအလှစာရသ | အလင်းဆက်(IR) | Journalist Book Publishing | ၂၅၀၀ |
| ၁၀။ | မြန်မာနှင့် အိန္ဒိယကိုလိုနီလက်အောက် အတွေးအခေါ်နှင့် ပညာရပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာတချို့ | စိုးမြတ်နွယ် | Journalist Book Publishing | ၂၀၀၀ |
| ၁၁။ | ကြယ်ကိုးပွင့်ကကြိုး | ကလောင်စုံ | ကိုလတ်စာပေ | ၃၀၀၀ |
| ၁၂။ | စာဘူးတောင်း | ဒဂုန်ဦးစန်းငွေ | ဘဝတက္ကသိုလ် | ၃၀၀၀ |
| ၁၃။ | ဘော်တွင်းမိုင်း၏ ဆေးရောင်စုံ ဘဝပုံရိပ်များ | ဆင်တဲဝ မြတ်မင်း | မျိုးဆက်သစ် | ၃၀၀၀ |
| ၁၄။ | လက်ရွေးစင်အမှားများ | ခင်အောင်အေး | စိတ်ကူးချိုချို | ၂၀၀၀ |
| ၁၅။ | ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့ | စိန်စိန် | ကံ့ကော်ဝတ်ရည် | ၈၀၀၀ |
| ၁၆။ | ပျော်ပျော်နေ ကြေကွဲ | အောင်ခိုင်မြတ် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၁၇။ | နန်းစွန့်ဘုရင် | တက္ကသိုလ်နေဝင်း | နေရီရီ | ၄၀၀၀ |
| ၁၈။ | ဘလင်ကီအောင်နက်နှင့် မျောက်လောင်း ဝတ္ထုတိုများ | ဖိုးလမင်း | စိတ်ကူးချိုချို | ၂၇၀၀ |
| ၁၉။ | သူတို့စာ သူတို့စကား | ကြည်သာဦး | နန်းဒေဝီ | ၃၅၀၀ |
| ၂၀။ | ဘဝအိပ်မက်များလှုပစေသူ မိုဟာမတ်ယူနွတ် | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | ပန်းဆက်လမ်း | ၅၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# ကော့သောင်း၊ ပေါင်းတည်၊ လောက်ကိုင်၊ သိန္နီနှင့် မဘိမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၉**

ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် ည ၉ နာရီခွဲက ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံ(၁) လမ်းနေ မျိုးမင်းခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၃ ပြား၊ ငွေကျပ် ၃၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၈ ရက် နံနက် ၇ နာရီက ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာနေ တင်မောင်လတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၀၀ ကို လည်းကောင်း။

ထို့အတူ ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပေါင်းတည်မြို့ မင်းကွက်(၃)ရပ်ကွက်တွင် အိမ်ငှားနေထိုင်သူ ကျော်သူဝင်း (ခ) ကျော်ကြီး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြား သိမ်းဆည်းရမိ၍ ကွင်းဆက်အရ ဈေး(၂)ရပ်ကွက်နေ အုန်းမြင့်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၊ ဆေးခြောက် ၄ ဂရမ်၊ အိုက်စ် ၀ ဒသမ ၂ ဂရမ်နှင့် ငွေကျပ် ၈၄၅၀၀ တို့ကိုလည်းကောင်း၊ ဆက်လက်၍ ဈေး(၂)ရပ်ကွက် တိုင်းချစ်လမ်းရှိ ၎င်းပိုင်ဆိုင်သော နေအိမ်အား ရှာဖွေရာ နေအိမ်ခြံထောင့်ရှိ အမှိုက်ပုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆၀ တို့ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက တပ်မတော်မှ လောက်ကိုင်မြို့နယ် ချဉ်မလင်ကျေးရွာအနီးရှိ တောင်ယာတဲ တစ်လုံးအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၊ အမိုနီယမ်ကလိုရိုဒ် ၈ ဒသမ ၅ ကီလို၊ မက်သနော ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ထို့အတူ ဩဂုတ် ၈ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ရေပူပူးပေါင်းစစ်ဆေးရေး စခန်းတွင် ရောက်ချန်းဆန်း မောင်းနှင်လာသည့် တိုယိုတာခရောင်းအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၂ ဒသမ ၇၂ ကီလို၊ ငွေကျပ် ၁၈၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ATM ကတ် သုံးခုတို့ကိုလည်းကောင်း၊ ထို့အတူ ည ၇ နာရီခန့်တွင် မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မဘိမ်းမြို့အမှတ်(၁)ရပ်ကွက် မဘိမ်း-ပင်ကြိမ်ကျေးရွာလမ်းအနီးတွင် မအဲမီးကြီး (ခ) ချိုချိုသောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ရောက်ချန်းဆန်း ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၈-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၀ - Mingalabar English (Episode-3)
- ၉း၁၀ - ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အရှိန်နှုန်း သတ်မှတ်ချက်များ
- ၉း၃၀ - " အာဖရိကဝက်အပြင်းဖျား ရောဂါအကြောင်း သိကောင်းစရာ "
- ၁၀း၄၅ - ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်
- ၁၄း၀၀ - "ရှေ့ဆက်မယ့်နေ့များ လှဖို့အတွက်" (မူးယစ်ဆေး-မန္တလေး)

**ညပိုင်း**

- ၁၅း၁၅ - " MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် " (Ayeyawady United FC Vs Yangon United FC)
- ၁၇း၃၀ - NHK Program
- " သက်တမ်းရှည်ကြာ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများနှင့် ဂျပန်" (အပိုင်း -၁)
- ၁၈း၂၀ - မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " အိမ်ကြီးရှင်သခင်မ " (အပိုင်း-၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်းများမှ အသိပေးပုံ)
- ရာဇဝင်ထဲကသမိုင်းအနုညာ "ရတနာပုံနန်းမြို့မတည်မီ ကတည်းက တည်ရှိခဲ့သော ဘုရားများ" (ဒဟတ္တောဆုတောင်းပြည့် ဘုရား၊ ဂူကြီးကုန်းဘုရား)
- " SMM 3rd Asian " Asia World Foundation "Men's U23 Volleyball Championship ပြိုင်ပွဲအစီအစဉ် "
- " အိပ်မက်ထဲကကောင်းကင်"

## နိုင်ငံတစ်ဝန်း ဩဂုတ် ၉ ရက်အထိ ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ကြောင့် သေဆုံးသူ ၉၂ ဦးရှိ

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၉ ရက်အထိ ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါပိုးတွေ့ရှိသူ ၅၀၀ ရှိကာ ယခုရက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၌ သေဆုံးသူ နှစ်ဦး တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူ ၉၂ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 သံသယရှိသဖြင့် ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၁၁၈၆ ဦးအနက် ရောဂါဖြစ်ပွားသူ ၅၀၀ ရှိပြီး စုစုပေါင်း သေဆုံးသူ ၉၂ ဦးအထိ တိုးလာနေကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း ၅၄၆ ဦးအနက် ရောဂါဖြစ်ပွားသူ ၂၄၂ ရှိကာ သေဆုံးသူ ၆၃ ဦး ရှိပြီဖြစ်၍ H1N1 ကြောင့် သေဆုံးမှုအများဆုံး ဖြစ်နေသည်။

အလားတူ H1N1 ကြောင့် သေဆုံးသူ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁ ဦး၊ ကချင်ပြည်နယ်တွင် တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ခုနစ်ဦး၊ မကွေးတိုင်းဒေသကြီးတွင် နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် သုံးဦးစီနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တစ်ဦး၊ ရခိုင်ပြည်နယ်တွင် သေဆုံးသူတစ်ဦးရှိသဖြင့် စုစုပေါင်း သေဆုံးသူ ၉၂ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ထို့အပြင် ဓာတ်ခွဲအတည်ပြုပြီးနောက် ရောဂါဖြစ်ပွားသူ နေပြည်တော်တွင် ၄၆ ဦး၊ ကရင်ပြည်နယ်တွင် ၁၁ ဦးနှင့် ကယားပြည်နယ်တွင် ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လေးဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးဦးရှိကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားသူများအနက် အသက် ၁၅ နှစ်မှ ၆၅ နှစ်အထိ ၅၃ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၁ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ၁၄ ရာခိုင်နှုန်း၊ အသက် တစ်နှစ်မှ ငါးနှစ်အထိ ၁၆ ရာခိုင်နှုန်းနှင့် အသက်တစ်နှစ်အောက်တွင် ၆ ရာခိုင်နှုန်းရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဆေးရုံကြီးအချို့တွင် ရာသီတုပ်ကွေးရောဂါ A H1N1 pdm09 ဖြစ်ပွားနေမှုကြောင့် ယခုရက်ပိုင်းအတွင်း လူနာများထံသို့ ညှော့သည်လာရောက်ကြည့်ရှုမှုများကိုလည်း ထိန်းချုပ်ထားပြီး အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ မလာရောက်ကြရန် မေတ္တာရပ်ခံထားသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

## တောင်သာမြို့နယ်တွင် တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်သူအား အမှုဖွင့်အရေးယူထား

**နေပြည်တော် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ တင်စိုးဝင်း (၃၅ နှစ်)သည် ၂၀၁၉ ခုနှစ် ဧပြီလက လက်သဲကျေးရွာနေ မောင်ဟိန်းထက်(၁၉ နှစ်)ပါ ခုနစ်ဦးအား တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းကြောင်း စည်းရုံးပြောဆိုပြီး တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းရယူကာ တရုတ်နိုင်ငံ စန်းတုန်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ ဇွန် ၁ ရက်တွင် မောင်ဟိန်းထက်သည် ဖခင်ဖြစ်သူ ဦးမင်းဇော်အား အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ကာ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးရန် အကူအညီတောင်းခံလာကြောင်း ဦးမင်းဇော်က တိုင်တန်းခဲ့သည်။

၎င်း၏ တိုင်ကြားလာမှုနှင့်ပတ်သက်၍ စစ်ဆေးရေးအဖွဲ့က စိစစ်ဆောင်ရွက်ခဲ့ရာ တင်စိုးဝင်းသည် မောင်ဟိန်းထက်ပါ ခုနစ်ဦးအား စုဆောင်းပြီး တရုတ်နိုင်ငံသို့ တရားမဝင် စေလွှတ်ခဲ့ကြောင်းသိရသဖြင့် တင်စိုးဝင်းအား ဩဂုတ် ၈ ရက်က တောင်သာမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကလေးအသက်ကယ်ထိုင်ခုံခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်

မြန်မာနိုင်ငံအတွင်း ပြည်သူများ မော်တော်ယာဉ်စီးနင်းအသုံးပြုသွားလာမှု မြင့်တက်လာသော်လည်း အတူလိုက်ပါသည့် အသက်(၁၀)နှစ်အောက်ကလေးငယ်များအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကလေးအသက်ကယ် ထိုင်ခုံခါးပတ် အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်(၂) နှစ်အောက် ကလေးငယ်များအား လူကြီးတစ်ဦးဦးက ရင်ခွင်ပိုက်စီးနင်းခြင်း၊ အသက် (၂) နှစ်မှ (၁၀) နှစ်ကြားရှိ ကလေးငယ်များအား လူကြီးအသက်ကယ် ထိုင်ခုံခါးပတ်များကို ဝတ်ဆင်အသုံးပြု ခြင်း (သို့မဟုတ်) အသက်ကယ်ထိုင်ခုံခါးပတ် လုံးဝအသုံးမပြုဘဲ လိုက်ပါခြင်းတို့ဖြင့် ခရီးသွားလာလျက်ရှိကြပါသည်။

မော်တော်ယာဉ်ဖြင့် ခရီးသွားလာစဉ်အတွင်း အသက်(၁၀)နှစ်အောက် ကလေးငယ်များကို ရင်ခွင်ပိုက်ထားခြင်း၊ ကလေး၏ ကိုယ်ခန္ဓာအရွယ်အစားနှင့် မကိုက်ညီသော အသက်ကယ်ထိုင်ခုံခါးပတ်များကို အသုံးပြုစေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုနှင့်တိမ်းမှောက်မှုဖြစ်စဉ်များ၌ ရင်ခွင်မှ လွတ်ထွက်ခြင်း၊ ထိုင်ခုံမှ လွင့်စဉ်ခြင်းဖြင့် ကလေးငယ်များအသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရမှုတို့ တွေ့ကြုံရနိုင်ပါသည်။

နိုင်ငံတကာတွင် ကလေးငယ်များ၏ အသက်အရွယ်နှင့် အရပ်အမြင့်အလိုက် ထုတ်လုပ်ထားသည့် ကလေးအသက်ကယ်ထိုင်ခုံခါးပတ်များကို နည်းစနစ်မှန်ကန်စွာ အသုံးပြုလျက် ယာဉ်တိမ်းမှောက် မှုဖြစ်စဉ်များတွင် ကလေးငယ်များ အသက်ဆုံးရှုံးမှု နှင့် ပြင်းထန်စွာထိခိုက်မှုမရှိရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိကြပါသည်။ အသက်အရွယ်နှင့်လျော်ညီသော ကလေးအသက်ကယ်ထိုင်ခုံခါးပတ်ကို မှန်ကန်စွာ အသုံးပြုခြင်းဖြင့် ယာဉ်တိုက်မှုဖြစ်စဉ်များ အတွင်း ကလေးငယ် ၁၀၀ လျှင် ၇၀ အား အသက်ကယ်ဆယ်နိုင်ခဲ့ကြောင်း သုတေသနတွေ့ရှိချက်များ၌ လေ့လာတွေ့ရှိရပါသည်။

လက်ရှိပြင်ဆင်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)၌ "မည်သူမျှ သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံး မပြုဘဲ စီးနင်းစေခြင်းမပြုရ"ဟူ၍ ထည့်သွင်းရေးဆွဲထားပြီး နည်းဥပဒေများတွင်လည်း ကလေးအသက်ကယ်ထိုင်ခုံခါးပတ် အသုံးပြုခြင်းဆိုင်ရာများကို ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်စီးနင်းအသုံးပြုစဉ်အတွင်း မိမိတို့၏ ရင်သွေးကလေးငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လသားအရွယ်မှ အသက်(၁၀) နှစ်အထိ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအလိုက် ထုတ်လုပ်ထားသော ကလေးအသက်ကယ် ထိုင်ခုံခါးပတ် များကို အသုံးပြုကြရန်နှင့် နောင်တွင် သက်ဆိုင်ရာ ဥပဒေ/နည်း ဥပဒေများနှင့်အညီ ဖြစ်စေရေး ကြိုတင်လိုက်နာဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။



အသက်(၁)နှစ်အရွယ်အထိရှိ ကလေးငယ်များအတွက် နောက်သို့မျက်နှာမူ ထိုင်ရသည့် ကလေးထိုင်ခုံ



အသက်(၁)နှစ်အရွယ်မှ အသက်(၄)နှစ်အထိ ကလေးငယ်များအတွက် ရှေ့ဘက် (သို့) နောက်သို့မျက်နှာမူထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ



အသက်(၄)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူထိုင်ရသည့် ကလေးထိုင်ခုံ (သို့) Booster Seat



အသက်(၁၀)နှစ်အထက် ကလေးငယ်များအတွက် ရှေ့ဘက်သို့ မျက်နှာမူထိုင်ရသည့် ကလေးအသက်ကယ်ထိုင်ခုံ

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံ

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးတို့ မြောက်ကိုရီးယားနှင့် အခြားကိစ္စရပ်များဆွေးနွေးရန် တောင်ကိုရီးယား၌ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးအက်စ်ပါသည် တောင်ကိုရီးယားနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပြီး တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဂျုံကျုံဒူးနှင့် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးမှု စတင်ခဲ့သည်။ မြောက်ကိုရီးယားအရေးတွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့က ၎င်းတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်လျက် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံခဲ့မှုအတွင်း မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များကို ပြီးခဲ့သည့်လမှစတင်ကာ မကြာခဏ စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်နေမှုကို မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြဟန်ရှိကြောင်း သိရသည်။ ကာကွယ်ရေးဝန်ကြီးနှစ်ဦးတို့သည် ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောများသွားလာမှုကို ကာကွယ်ရန် အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာ မစ်ရှင်၌ တောင်ကိုရီးယား ပူးပေါင်းပါဝင်နိုင်ဖွယ်ရှိမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါနှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဂျုံကျုံဒူးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်နေစဉ်။

## ဖိလစ်ပိုင်အလယ်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် သူပုန်အဖွဲ့ တိုက်ပွဲဖြစ်ပွားမှုကြောင့် လေးဦးသေဆုံး

**မနီလာ ဩဂုတ် ၉**

ဖိလစ်ပိုင်အလယ်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် အင်န်ပီအေသူပုန်အဖွဲ့ တိုက်ပွဲဖြစ်ပွားခဲ့ရာ သူပုန်အဖွဲ့ဝင်သုံးဦးနှင့် အစိုးရတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားခဲ့သည်။

နာရီဝက်ကြာ တိုက်ပွဲဖြစ်ပွားခဲ့မှုအတွင်း အစိုးရတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော်က ဖော်ပြသည်။ နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားမှုသည် ဩဂုတ် ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် Hima-maylan မြို့ရှိ ကျေးရွာငယ်တစ်ခု၌ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ပွဲဖြစ်ပွားခဲ့ရာ နေရာမှ သေနတ်အမျိုးမျိုးနှင့် လက်နက်ခဲယမ်းများကို အစိုးရတပ်ဖွဲ့က သိမ်းဆည်းခဲ့ကြောင်း သိရသည်။ အင်န်ပီအေ သူပုန်အဖွဲ့သည် ဖိလစ်ပိုင် ကွန်မြူနစ်ပါတီကို ထောက်ခံသည့်အဖွဲ့ ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်များကတည်းက အစိုးရသည် ကွန်မြူနစ်သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်း မရှိသေးပေ။

**ဆင်ဟွာ**

# ဟောင်ကောင်အရေးကိစ္စတွင် အမေရိကန် ကြားဝင်စွက်ဖက်နေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြော

**ဟောင်ကောင် ဩဂုတ် ၉**

ဟောင်ကောင်၌ အငြင်းပွားဖွယ် တရားခံလွှဲပြောင်းရေးဥပဒေကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ ဖြစ်ပွားနေသည်ဖြစ်ရာ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အပြန်အလှန်စကားဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဟောင်ကောင်ရုံးက အမေရိကန်သံအမတ်များသည် ဟောင်ကောင်အရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်နေကြောင်း ဩဂုတ် ၈ ရက်တွင် စွပ်စွဲခဲ့သည်။ ဟောင်ကောင်ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး အာဏာပိုင်တစ်ဦးက ဒေသရှိ တက်ကြွလှုပ်ရှားသူများနှင့် တွေ့ဆုံနေသည့် ဓာတ်ပုံတစ်ပုံကို တရုတ်သတင်းမီဒီယာက ဖော်ပြခဲ့ပြီးနောက် ယင်းစွပ်စွဲချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့စွပ်စွဲခဲ့မှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တာဂတ်စ်က အမေရိကန်သံအမတ်တစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်ကို ထုတ်ပြန်ဖော်ပြခြင်းသည် ယဉ်ကျေးမှုမရှိသည့် အပြုအမူဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက အတိုက်အခံခေါင်းဆောင်များအပါအဝင် လူအမျိုးမျိုးနှင့် တွေ့ဆုံရန်မှာ အမေရိကန်သံအမတ်များ၏ လုပ်ငန်းတာဝန်တစ်ခုပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုမှတစ်ဆင့် စတင်လာခဲ့သည့် အမေရိကန်နှင့် တရုတ်နိုင်ငံအကြား တင်းမာမှုများသည် တစ်နေ့တခြား ပိုမိုအရှိန်မြင့်တက်လာလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# အန္တရာယ်ရှိသည့် သားရဲတိရစ္ဆာန်များကို ဆိုင်ရာနိုက်အဆိပ် အသုံးပြုနှိမ်နင်းမှုကို ထရမ့်အစိုးရ ပြန်လည်ခွင့်ပြု


**ဝါရှင်တန် ဩဂုတ် ၉**

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့များထံမှ ကန့်ကွက်မှုများ ရှိနေသော်လည်း မြေခွေးများ၊ ဝံပုလွေများနှင့် ရိုင်းစိုင်းသည့် သားရဲတိရစ္ဆာန်များကို နှိမ်နင်းရန်အတွက် ဆိုင်ရာနိုက်ဗုံးဟုခေါ်သည့် အဆိပ်ထောင်ချောက်များ အသုံးပြုခြင်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်များအား ထောင်ချောက်ဆင်ရာတွင် ဆိုဒီယမ်ဆိုင်ရာနိုက်အဆိပ်ကို ထုတ်လွှတ်ရန် အသုံးပြုသည့် အမ် ၄၄ အက်စ်အမည်ရှိ ကိရိယာများအား အသုံးပြုမှုကို အစိုးရက ပြီးခဲ့သည့်နှစ်က ပိတ်ပင်ခဲ့သည်။ ယင်းကိရိယာကြောင့် ကလေးတစ်ဦးနှင့် ၎င်း၏ခွေးတစ်ကောင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက်တွင် အစိုးရက တားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ ၎င်းမိသားစုများကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဖက်ဒရယ်အစိုးရကို အမှုဖွင့်ခဲ့သည်။

ယခုအခါ အဆိုပါ အဆိပ်ထောင်ချောက်များ အသုံးပြုခြင်းကို ပြန်လည်ခွင့်ပြုရန် ဆုံးဖြတ်ချက်ကို ယခုရက်သတ္တပတ်အစောပိုင်းတွင် ကြေညာခဲ့ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများထံမှ ကန့်ကွက်မှုများ ပေါ်ထွက်လာခဲ့သည်။ ယင်းအဆိပ်ထောင်ချောက်များသည် ပြည်သူများ၊ ၎င်းတို့၏အိမ်မွေးတိရစ္ဆာန်များနှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် သားရဲတိရစ္ဆာန်များအတွက် လွန်စွာအန္တရာယ်ရှိကြောင်း ဇီဝမျိုးကွဲဌာန သားရဲတိရစ္ဆာန်များ ထိန်းသိမ်းရေး ဒါရိုက်တာကိုလက်တီအက်ကင်စ်က ပြောကြားခဲ့သည်။

အစိုးရ၏ ဖော်ပြချက်အရ အမ် ၄၄ အက်စ်ကိရိယာကြောင့် ၂၀၁၈ ခုနှစ်အတွင်း တိရစ္ဆာန် ၆၅၇၉ ကောင်အထိ သေဆုံးခဲ့ကြောင်းနှင့် ယင်းပမာဏမှာ လျှော့ပေါ့ဖော်ပြမှုသာဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဝံပုလွေပေါက်တစ်ကောင်ကို တွေ့ရစဉ်။

# ရုရှားဗုံးကြဲလေယာဉ်များ ဘာရင်းပင်လယ်ပြင်ပေါ် လေ့ကျင့်ပျံသန်း

**မော်စကို ဩဂုတ် ၉**

ရုရှားနိုင်ငံ၏ ဗုံးကြဲလေယာဉ်နှစ်စင်းသည် အမေရိကန်တိုက်လေယာဉ်များ ခြံရံလိုက်ပါလျက် ဘာရင်းပင်လယ်ပြင်ပေါ် ၁၀ နာရီကျော်ကြာအောင် ဖြတ်ကျော်လေ့ကျင့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗုံးကြဲလေယာဉ်များသည် သမုဒ္ဒရာပြင် ၂၀၁၉ ရေတပ်လေ့ကျင့်ရေး အစီအစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် လေ့ကျင့်ပျံသန်းမှု ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။



ရုရှားဗုံးကြဲလေယာဉ်တစ်စင်းပျံသန်းနေစဉ်။

မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်နှစ်စင်းသည် ဘာရင်းပင်လယ်ပြင်၏ နိုင်ငံတကာ ရေပိုင်နက်ပေါ် ဖြတ်ကျော်ကာ လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြခဲသည်။

ဗုံးကြဲလေယာဉ်များပျံသန်းမှုကို အမေရိကန် လေတပ်မှ အက်ဖ် ၂၂ နှင့် အက်ဖ် ၁၈ ဂျက်တိုက်လေယာဉ်များက ခြံရံလိုက်ပါ ပျံသန်းခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ စည်းမျဉ်းများကို အပြည့်အဝလိုက်နာခဲ့ပြီး အာတိတ်ဒေသ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပင်လယ်နက်နှင့် ပစိဖိတ်သမုဒ္ဒရာများအတွင်း ခရီးရှည် ပျံသန်းလေ့ကျင့်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်အလယ်ပိုင်း၌ အာစာမာမီးတောင် ပေါက်ကွဲပြီးနောက် ပြည်သူများကို သတိပေးနှိုးဆော်

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အာစာမာမီးတောင်၌ ယခုရက်ပိုင်းအတွင်း အသေးစားပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အဆိုပါ မီးတောင်အနီးအနားတွင် သွားရောက်ခြင်းမပြုရန် ပြည်သူများကို သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

နာဂါနိုနှင့် ဂွန်းမ ခရိုင်အကြား ခွလျက်တည်ရှိသည့် အာစာမာမီးတောင်မှာ ဩဂုတ် ၇ ရက်ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုးလေဝသအေဂျင်စီက မီးတောင်သတိပေးချက်အဆင့် ငါးဆင့်အနက် ယခင် အဆင့် ၁ အဖြစ် သတ်မှတ်ထားရာမှ အဆင့် ၃ သို့ မြှင့်တင်ခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ချိုင့်ဝှမ်းထဲမှ မီးခိုးငွေ့များသည် မီးတောင်ဝမှအထက် မီတာ ၁၈၀၀ ကျော် အမြင့်အထိ ရောက်ရှိခဲ့ပြီး မီးတောင်ချိုင့်ဝှမ်းမှ ကြီးမားသည့် ကျောက်စိုင်ကျောက်ခဲများမှာ မီတာ ၂၀၀ အကွာအဝေးအထိ လွင့်စဉ်ခဲ့ကြောင်း မိုးလေဝသ အာဏာပိုင်များက ပြောကြားခဲ့သည်။

မီးတောင်ဝမှ လေးကီလိုမီတာအကွာခန့်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် မီးတောင်ပေါက်ကွဲမှုများ ကျောက်သားများ လွင့်စဉ်လာနိုင်သည့် အန္တရာယ်နှင့် မီးတောင်ပေါက်ကွဲမှု အရှိန်ကြောင့် တုန်ခါမှုက နေအိမ်ပြတင်းပေါက်များ ကွဲကြေစေနိုင်သည့်အတွက် သတိပေးထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာ သတင်းတိုထွာ

## တရုတ်ကုမ္ပဏီငါးခုကို အမေရိကန်ပိတ်ဆို့မှုပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၉**

အစိုးရအေဂျင်စီများက တရုတ်ကုမ္ပဏီငါးခုတို့မှ ပစ္စည်းကိရိယာများ ဝယ်ယူခြင်းကို တရားဝင်တားမြစ်သည့် စည်းမျဉ်းများအား အမေရိကန်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။ အဆိုပါပိတ်ပင်မှုသည် လာမည့်ဩဂုတ် ၁၃ ရက်တွင် စတင်သက်ရောက်မည်ဟုဆိုသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လက အတည်ပြုလိုက်သည့် နိုင်ငံကာကွယ်ရေးခွင့်ပြုချက်ဥပဒေ၌ အရိပ်အမြွက် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ကို အဆိုပါစည်းမျဉ်းများဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အစိုးရအေဂျင်စီများအနေဖြင့် ဆက်သွယ်ရေးကုမ္ပဏီများဖြစ်သည့် ဟွာဝေးနှင့် ဇက်တီအီး အပါအဝင် အခြားကုမ္ပဏီငါးခုတို့မှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းကို အဆိုပါစည်းမျဉ်းများအရ တားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။

ထို့အပြင် တားမြစ်ထားသည့် ကုမ္ပဏီငါးခုမှ ထုတ်ကုန်ပစ္စည်းများကို အသုံးပြုသည့် ကမ္ဘာတစ်ဝန်းရှိ မည်သည့်ကုမ္ပဏီနှင့်ဖြစ်စေ အစိုးရအေဂျင်စီများအနေဖြင့် စီးပွားရေးလုပ်ကိုင်ခြင်းမပြုရန် အမေရိကန်အစိုးရက တားမြစ်လိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်နှင့် တူရကီ ကြားနေဇုန်ထူထောင်မည့် သဘောတူညီမှုကို ဆီးရီးယားပယ်ချ

**ဒမတ်စကတ် ဩဂုတ် ၉**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ကြားနေဇုန်ထူထောင်ရန် အမေရိကန်နှင့် တူရကီ သဘောတူညီခဲ့မှုကို ဆီးရီးယားအစိုးရက ပယ်ချလိုက်ကြောင်း ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့မှုကို နိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။

ဩဂုတ် ၇ ရက်က သဘောတူညီခဲ့သည့် အမေရိကန်- တူရကီ သဘောတူညီချက်သည် နိုင်ငံတကာစည်းမျဉ်းများနှင့် ကုလသမဂ္ဂပဋိညာဉ်ကို ချိုးဖောက်ရာရောက်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကြားနေဇုန် ထူထောင်ရန် သဘောတူညီချက်သည် ဆီးရီးယားအရေးကိစ္စတွင် အမေရိကန်နှင့် တူရကီတို့ အတူတွဲဖက်ကာ ကျူးကျော်ဆောင်ရွက်မှုကို ဖော်ထုတ်ပြသလိုက်ခြင်းဖြစ်ကြောင်း ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကက်ရှ်မီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဖျက်သိမ်းမှုနောက်မှာ ဘာတွေဆက်လိုက်လာသလဲ

**ကလျာမိုးမြင့်**

**အိန္ဒိယထိန်းချုပ်ထားတဲ့ ကက်ရှ်မီးယားဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းလိုက်ခြင်းနဲ့ တင်းကျပ်တဲ့ စည်းကမ်းတွေ ချမှတ်လာခြင်းက လူ့အခွင့်အရေးဆိုင်ရာ အခြေအနေတွေကို ပိုမိုဆိုးရွားလာစေနိုင်တဲ့အတွက် အတော်လေး စိုးရိမ်ဖွယ်ရာ ဖြစ်တယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့ပါတယ်။ နိုင်ငံရေးအရ စီတန်းလှည့်လည်မှုတွေကို ပိတ်ပင်တာ၊ နိုင်ငံရေးခေါင်းဆောင်တွေကို ဖမ်းဆီးတာနဲ့ အများပြည်သူ ဆက်သွယ်ရေးကို ဖြတ်တောက်လိုက်တာတွေကို ကုလသမဂ္ဂအဖွဲ့က အဓိကပြောဆိုလိုတာ ဖြစ်ဟန်ရှိပါတယ်။**

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပယ်ဖျက်

ကက်ရှ်မီးယားဒေသအတွင်းမှာ ဆက်သွယ်ရေးဖြတ်တောက်မှု စတင်လုပ်ဆောင်ခဲ့တဲ့နေ့က စတင်ပြီး လုံခြုံရေးဆိုင်ရာ ပိတ်ဆို့တင်းကျပ်မှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ၁၉၄၉ ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်အမှတ် ၃၇၀ အရ ဂျာမူးနဲ့ ကက်ရှ်မီးယားတို့ကို ခွင့်ပြုထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အိန္ဒိယအစိုးရက အခုရက်ပိုင်းအတွင်း ပယ်ဖျက်လိုက်ပါတယ်။ လုံခြုံရေးတင်းကျပ်မှု လုပ်ဆောင်ခဲ့ပြီး နာရီပိုင်းအကြာမှာပဲ ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက် ပယ်ဖျက်တဲ့အမိန့်ကို သမ္မတက လက်မှတ်ရေးထိုးလိုက်တာပါ။

### တိုက်ရိုက်ထိန်းချုပ်မည်

အိန္ဒိယအစိုးရဟာ ပါကစ္စတန်နဲ့ နယ်နိမိတ်ထိစပ်နေတဲ့ ကက်ရှ်မီးယားဒေသကို အိန္ဒိယနိုင်ငံလွတ်လပ်ရေးရခဲ့ချိန်ကစပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် နှစ် ၇၀ ကြာအောင် ထားရှိခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်မှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းလိုက်ကြောင်းနဲ့ ကက်ရှ်မီးယားကို နယူးဒေလီလိုပဲ ဗဟိုအစိုးရရဲ့ တိုက်ရိုက်ထိန်းချုပ်မှုအောက်မှာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်အုပ်ချုပ်သွားတော့မှာဖြစ်တယ်လို့ ကြေညာလိုက်ပါတယ်။



ကက်ရှ်မီးယားဒေသ၌ ချထားသည့် တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

### တပ်ဖွဲ့ဝင်တွေစေလွှတ်

ကက်ရှ်မီးယားဒေသကို အိန္ဒိယနဲ့ ပါကစ္စတန်နှစ်ဖက်စလုံးက ၎င်းတို့ပိုင်ဆိုင်တယ်ဆိုပြီး အငြင်းပွားနေခဲ့တာ ကြာပါပြီ။ ဒါပေမယ့် နှစ်ဖက်စလုံးဟာ ကက်ရှ်မီးယားဒေသရဲ့တစ်စိတ်တစ်ပိုင်းကိုပဲ ထိန်းချုပ်ထားကြပါတယ်။ အိန္ဒိယဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပယ်ဖျက်တာကို ကက်ရှ်မီးယားဒေသခံတွေ ကျေနပ်မှုမရှိခဲ့ရင် ဖြစ်လာနိုင်တဲ့ ရုန်းရင်းဆန်ခတ် အခြေအနေတွေအတွက် အရေးယူ ဆောင်ရွက်ဖို့အတွက်လည်း တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် ကက်ရှ်မီးယားကို စေလွှတ်ခဲ့ပါတယ်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက အိန္ဒိယရဲ့ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန်အပြစ်တင်လိုက်ပြီး အိန္ဒိယရဲ့လုပ်ရပ်ဟာ နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ နယ်နိမိတ်တစ်ခုကို ထိပါးနှောင့်ယှက်တာဖြစ်ကြောင်း ပြောကြားလိုက်သလို ဒီကိစ္စကို ကုလသမဂ္ဂမှာ တင်ပြသွားမှာဖြစ်တယ်လို့ အသိပေးလိုက်ပါတယ်။

### မောင်းထုတ်

ဒီကိစ္စကြောင့် ပါကစ္စတန်အစိုးရဟာ အိန္ဒိယနဲ့ သံတမန်ရေးအရ ဆက်ဆံမှု၊ ကုန်သွယ်ရေးအရ ဆက်ဆံမှုတွေကို အဆင့်လျှော့ချတော့မယ်လို့ ကြေညာလိုက်ပြီး ပါကစ္စတန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို နိုင်ငံအတွင်းကနေ မောင်းထုတ်လိုက်ပါတယ်။ ပြီးတော့ အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်အဖြစ် ရွေးချယ်ခန့်အပ်ထားသူကိုလည်း စေလွှတ်ဖို့ မရှိတော့ဘူးလို့ ဆိုပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပယ်ဖျက်လိုက်တဲ့ အစိုးရရဲ့ဆုံးဖြတ်ချက်ဟာ တုန်လှုပ်စရာကောင်းပြီး အတိုက်အခံဥပဒေပြုအမတ်တွေ၊ ဖွဲ့စည်းပုံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တွေနဲ့ သာမန်အရပ်သားတွေအထိ ဒီကိစ္စကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ကက်ရှ်မီးယားဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ သွားနေတာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ အငြင်းပွားခဲ့ကြတဲ့ တရားရုံးချုပ်ရှေ့နေတွေအပါအဝင် အများအပြားကတော့ ဒီဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုခဲ့ကြပါတယ်။

### အကျယ်ချုပ်ဖမ်းဆီး

ပါလီမန်လွှတ်တော်က ကြေညာချက်ထုတ်ပြန်လိုက်တဲ့ တနင်္လာနေ့မှာပဲ ဘီဂျေပီပါတီဦးဆောင်တဲ့ အိန္ဒိယဖက်ဒရယ် အစိုးရအဖွဲ့က တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ကက်ရှ်မီးယားသို့ စေလွှတ်ခဲ့ပါတယ်။ အင်တာနက်၊ မိုဘိုင်းဖုန်းကွန်ရက်တွေနဲ့ ဖုန်းလိုင်းတွေကို ဖြတ်တောက်ထားဆဲအပြင် ဝန်ကြီးဟောင်းနှစ်ဦးအပါအဝင် နိုင်ငံရေးခေါင်းဆောင်နှစ်ဦးကိုလည်း နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထားတယ်လို့ သိရပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရုပ်သိမ်းတာအပြင် ကက်ရှ်မီးယားဒေသမှာ နေထိုင်သူမဟုတ်ရင် မြေယာဝယ်ယူခွင့်မရှိတဲ့ ကန့်သတ်မှုကိုပါ အစိုးရက ရုပ်သိမ်းလိုက်တာကြောင့် ပြည်နယ်ပြင်ပက အိန္ဒိယနိုင်ငံသားတွေ ကက်ရှ်မီးယားမှာ အခြေချနေထိုင်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာတင်းကျပ်ထားမှုကြောင့် အိန္ဒိယနိုင်ငံရဲ့ကျန်အစိတ်အပိုင်းမှာ နေထိုင်ကြတဲ့ သူတွေက ၎င်းတို့ဟာ ကက်ရှ်မီးယားမှာရှိတဲ့ မိသားစုဝင်တွေဆီ မသွားနိုင်တော့ဘူးလို့ ဆိုနေကြပါတယ်။

### ဆန္ဒပြသူတချို့ရှိ

အစိုးရရဲ့ လုပ်ဆောင်ချက်နဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ရုန်းရင်းဆန်ခတ်မှုတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ လုံခြုံရေးချထားဖို့ လုပ်ဆောင်တာဖြစ်တယ်လို့ အစိုးရကဆိုထားပေမယ့် ဒေသအတွင်းမှာ ဆန္ဒပြသူတချို့ရှိနေပြီး ဆန္ဒပြသူတွေက လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကျောက်ခဲတွေနဲ့ ပစ်ပေါက်နေကြတာကို မြင်ခဲ့ရတယ်လို့ မျက်မြင်သက်သေတချို့က ပြောခဲ့ပါတယ်။

အိန္ဒိယစိုးမိုးအုပ်ချုပ်ခဲ့တဲ့ ၁၉၈၉ ခုနှစ်ကတည်းက လက်နက်ကိုင် ပုန်ကန်ထကြွမှုတွေ ကက်ရှ်မီးယားမှာ ရှိခဲ့တာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဆန္ဒပြသူတွေအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကြောင့် လူထောင်ချီသေဆုံးခဲ့ကြရပါတယ်။ ဒါပေမယ့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အခုလောက် ပမာဏအထိ စေလွှတ်ချထားတာမျိုး မရှိခဲ့သေးပါဘူး။

### အဆီးအတားဖြစ်လာနိုင်

ကုလသမဂ္ဂအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ကက်ရှ်မီးယားဒေသမှာ ဆက်သွယ်ရေးဆိုင်ရာ ပိတ်ပင်တာဟာ ယခင်က မိမိတို့တွေ့မြင်ခဲ့ရဖူးတာထက်တောင် လွှမ်းခြုံမှုရှိနေပြီး အခုလို ပိတ်ပင်ထားမှုတွေကြောင့် ဂျာမူးနဲ့ ကက်ရှ်မီးယားရဲ့ အနာဂတ် အခြေအနေတွေနဲ့ ပတ်သက်ပြီး ဒီမိုကရေစီရေးအရ လှုပ်ရှားမှုမှာ ပြည်သူတွေ အပြည့်အဝ ပူးပေါင်းပါဝင်လှုပ်ရှားဖို့ အဆီးအတား ဖြစ်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

အိန္ဒိယနဲ့ ပါကစ္စတန်တို့ဟာ ကက်ရှ်မီးယားဒေသကိစ္စနဲ့ ပတ်သက်ပြီး စစ်ပွဲနှစ်ခုအထိဖြစ်ပွားခဲ့ဖူးပါတယ်။ အိန္ဒိယနဲ့ ပါကစ္စတန်ကို ဗြိတိသျှကိုလိုနီလက်အောက်ကနေ လွတ်လပ်ရေးပေးခဲ့ချိန်ကစပြီး ကက်ရှ်မီးယားဒေသနဲ့ ပတ်သက်တဲ့ ပိုင်နက်အငြင်းပွားမှု ဖြစ်ပေါ်လာနိုင်တဲ့အတွက် အဲဒီဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ထားရှိနိုင်ဖို့ ဗြိတိသျှအစိုးရက လုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။

### စတော့ရှယ်ယာဈေးကျ

ကက်ရှ်မီးယား အရှုပ်တော်ပုံကိစ္စကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်အကြား စစ်ရေးတင်းမာမှုပေါ်ပေါက်လာနိုင်တဲ့ အခြေအနေတွေကြောင့် ကမ္ဘာ့ဈေးကွက်မှာ အိန္ဒိယစတော့ရှယ်ယာတွေနဲ့ ရူပီးငွေတန်ဖိုးတွေ အတော်လေး ကျဆင်းသွားခဲ့ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေး ပယ်ဖျက်ကြောင်း အိန္ဒိယအစိုးရရဲ့ ကြေညာချက်ထုတ်ပြန်လိုက်တဲ့ ဩဂုတ် ၅ ရက်ကစပြီး အိန္ဒိယစတော့ရှယ်ယာတန်ဖိုး ၁ ဒသမ ၁၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါတယ်။

### ငွေကြေးတန်ဖိုးကျဆင်း

အိန္ဒိယရူပီးငွေ တန်ဖိုးဟာဆိုရင်လည်း ၁ ဒသမ ၅၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး ငွေလဲလှယ်နှုန်းအားဖြင့် အမေရိကန်တစ်ဒေါ်လာကို ၇၀ ဒသမ ၈၀၄ ရူပီးသာ ရှိတော့တဲ့အတွက် ခြောက်နှစ်အတွင်း အဆိုးရွားဆုံး ငွေကြေးတန်ဖိုးကျဆင်းမှုအဖြစ် ရောက်ရှိခဲ့ပါတယ်။

ကက်ရှ်မီးယားပြဿနာဟာ ပေါက်ကွဲတော့မယ့် မီးတောင်တစ်လုံးလို ဖြစ်နေပြီး အိန္ဒိယနဲ့ ပါကစ္စတန်တို့ဟာ မဟာရန်သူကြီးတွေ ဖြစ်သွားလောက်တဲ့အထိ အန္တရာယ်ကြီးနေပါတယ်။ အိန္ဒိယသံအမတ်ကို ပါကစ္စတန်က နှင်ထုတ်လိုက်ပြီး သံတမန်ရေးနဲ့ ကုန်သွယ်ရေး ဆက်ဆံမှုတွေကို လျှော့ချဖို့လုပ်လိုက်တဲ့အပေါ် အိန္ဒိယဘက်က စိတ်မကောင်းကြောင်းနဲ့ ပြဋ္ဌာန်းချက်အမှတ် ၃၇၀ ဟာ ပြည်တွင်းရေးကိစ္စရပ်တစ်ခုသာ ဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောကြားလိုက်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> “ကက်ရှ်မီးယားဒေသမှာ ဆက်သွယ်ရေးဆိုင်ရာ ပိတ်ပင်တာဟာ ယခင်က ကျွန်ုပ်တို့တွေ့မြင်ခဲ့ရဖူးတာထက်တောင် လွှမ်းခြုံမှုရှိနေပြီး အခုလို ပိတ်ပင်ထားမှုတွေကြောင့် ဂျာမူးနဲ့ ကက်ရှ်မီးယားရဲ့အနာဂတ် အခြေအနေတွေနဲ့ ပတ်သက်ပြီး ဒီမိုကရေစီရေးအရ လှုပ်ရှားမှုမှာ ပြည်သူတွေ အပြည့်အဝ ပူးပေါင်းပါဝင်လှုပ်ရှားဖို့ အဆီးအတား ဖြစ်လာနိုင်တယ်”

# ဘုရားကြီးမြို့နယ်မှ ရေဘေးသင့်ပြည်သူများထံ ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေး

**ပဲခူး ဩဂုတ် ၉**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာများနှင့်အတူ ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရွှေပြည်အေးကံထူးကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ဩဂုတ် ၈ ရက်က သွားရောက်ပြီး အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော ဘုရားကြီးမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကား ပြောကြားခဲ့သည်။

ရွှေပြည်အေးကံထူးကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းတွင် ဘုရားကြီးမြို့နယ်အတွင်း ကျေးရွာများမှ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၃၁ ဦး ရောက်ရှိနေကြရာ အဆိုပါ ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ကျပ် ၂၇၅၁၀၀ နှင့် ခြောက်လအောက်ကလေးငယ်တစ်ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးရှောင်ပြည်သူများထံ ဆန်ရိက္ခာဖိုး ထောက်ပံ့ပေးအပ်စဉ်။

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် အမှိုက်သိမ်းယာဉ်များကို မြို့နယ်များသို့လွှဲပြောင်းပေး

**မြစ်ကြီးနား ဩဂုတ် ၉**
ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်များ စည်ပင်သာယာ သန့်ရှင်းလုပရေးနှင့်အမှိုက်သိမ်းယာဉ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်ရန်ပုံငွေဖြင့် အမှိုက်သိမ်းယာဉ်များ ဝယ်ယူ၍ မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၉ ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမဝင်းအတွင်း၌ ကျင်းပခဲ့သည်။



အမှိုက်သိမ်းယာဉ်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လိုက်လံကြည့်ရှုစဉ်။

အမှိုက်သိမ်းယာဉ်များ လွှဲပြောင်းပေးအပ်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့များထံသို့ အမှိုက်သိမ်းယာဉ်များကို ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီထံမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးအပ်သော အမှိုက်သိမ်းယာဉ်များမှာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့အတွက် သုံးစီး၊ ဗန်းမော်မြို့နယ်အတွက် တစ်စီး၊ မိုးညှင်းမြို့နယ်အတွက် နှစ်စီးနှင့် ပူတာအို၊ မိုးကောင်း၊ ချီဖွေ၊ တနိုင်းနှင့် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များအတွက် တစ်စီးစီဖြစ်ကြောင်း၊ အဆိုပါ အမှိုက်သိမ်းယာဉ်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၂၃၉၉ ဒသမ ၇ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကာ ယာဉ်အမျိုးအစားများအနေဖြင့် SOJEN အမျိုးအစား အမှိုက်သိမ်းယာဉ်ခြောက်စီးနှင့် SKAT အမျိုးအစား အမှိုက်သိမ်းယာဉ် ငါးစီး စုစုပေါင်း အမှိုက်သိမ်းယာဉ် ၁၁ စီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြိတ် ဩဂုတ် ၉**
တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ဩဂုတ် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ်ရပ်ကွက်ရှိ သမိုင်းဝင် ကန်တော်မင်္ဂလာ ရေကန်ပတ်လမ်း အရှည် ပေ ၃၇၀၀ ၌ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် LED မီးတိုင်များကို စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ စိုက်ထူဆောင်ရွက်နေမှုနှင့် ရေကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၁) အထက(ခွဲ)ကျောင်း၌ တည်ဆောက်လျက်ရှိသော အလျား ပေ ၁၉၀၊ အနံ ပေ ၃၀ ရှိ သုံးထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် အထက(၇)ကျောင်းတွင် တည်ဆောက်လျက်ရှိသော အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်၌ ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုအခြေအနေနှင့် ကွန်ပျူတာတက္ကသိုလ်၌ နှစ်ထပ် ကျောင်းသူ ကျောင်းသားအိပ်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားခဲ့သည်။

ဆက်လက်၍ ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်နေသော အလျား ၁၁၄ ပေ၊ အနံ ၄၅ ပေရှိ



ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကြည့်ရှုစစ်ဆေးစဉ်။

ခုတင် ၁၀၀ ဆံ့ သီတဂူစက္ခုဒါနဆေးရုံ နှစ်ထပ်အဆောက်အအုံနှင့် ခွဲစိတ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ကြေးနန်းတိုင်-နန်းတော်ရာ ကျေးလက်လမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော တောင်းရှည်တံတား တည်ဆောက်ရေး စီမံကိန်းနှင့် မင်းသန်း-မောင်းလေှာ် ကျေးလက်လမ်းပေါ်ရှိ မင်းသန်း-မောင်းလေှာ်တံတား တည်ဆောက်ရေး စီမံကိန်းများကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

တောင်းရှည်တံတားသည်အရှည် ၂၉၅ ပေ၊ အကျယ် ၁၈ ပေရှိပြီး တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၃) တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။ မင်းသန်း-မောင်းလေှာ်တံတားမှာ မြိတ်မြို့နယ် မင်းသန်းကျေးရွာနှင့် ကျွန်းစုမြို့နယ် မောင်းလေှာ်ကျေးရွာကြား ဆက်သွယ်ထားသော တံတားဖြစ်ပြီး အရှည် ပေ ၂၁၀၀ နှင့် အကျယ် ၂၄ ပေရှိကာ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။ အဆိုပါ တံတားများ တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကို ယခုထက်ပို၍ လွယ်ကူလျင်မြန်စေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်ကော်၌ Eco Resort တည်ဆောက်ရန်တင်ပြသည့် ကုမ္ပဏီအား ကယားပြည်နယ်ဝန်ကြီးချုပ် လက်ခံတွေ့ဆုံ

**လှိုင်ကော် ဩဂုတ် ၉**
ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးအတွက် လှိုင်ကော်မြို့နယ်၌ Eco Resort တည်ဆောက်ခွင့်ပြုရန် တင်ပြလာသည့် 9 Generation Force ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများအား ကယားပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ ရက်က လက်ခံတွေ့ဆုံ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် PEGU Travels မှ ဒါရိုက်တာ ဒေါ်ဟန်ဆုသက်က ကယားပြည်နယ်သို့ အလည်အပတ်လာရောက်မည့် ဧည့်သည်များအတွက် စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်များ ဝန်းရံလျက်ရှိသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ဒေသခံများ၏ လူနေမှုဘဝ မြှင့်တင်ရေးအတွက် သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ရနိုင်ရန်၊ ဧည့်သည်များအတွက် အခန်းအလုံအလောက်ရရှိနိုင်ရန်၊ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ကမ်းလှမ်းပေးနိုင်ရန် ရည်ရွယ်လျက် လှိုင်ကော်မြို့ရှိ ဘီလူးချောင်းကမ်းနံဘေးတွင် Eco Resort ကို ဆောက်လုပ်လိုကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ Resort သည် လေဆိပ်မှ ၁၅ မိနစ်၊ ကားဂိတ်မှ ၂၀ မိနစ် ကွာဝေးကြောင်း၊ မြေအကျယ် ၆ ဒသမ ၈၄ ဧကပေါ်တွင် သီးပင်စားပင်စိုက်ခင်းနှင့် ဥယျာဉ်ပါဝင်သော Eco Resort ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ တည်ဆောက်မည့်ပုံစံ၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း၊ ဇီဝအိမ်သာစနစ်များကို အသုံးချခြင်း၊ အသုံးပြုပြီးသောရေကို ဇီဝစနစ်ဖြင့် အဆင့်ဆင့် ပြန်လည်အသုံးချခြင်း၊ ဝန်ဆောင်မှုအခန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စိန်ခေါ်မှုများ စသည်တို့ကိုလည်း ဒါရိုက်တာက ဆက်လက် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်မည့်လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**လှိုင်ကော်သား**



ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

# မြိတ်ခရိုင် ကမ်းနီးငါးဖမ်း ပိုက်လှေများအသင်း စတင်ဖွဲ့စည်း

**မြိတ် ဩဂုတ် ၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကမ်းနီးငါးဖမ်း ပိုက်လှေများအသင်းကို ကမ်းနီးရေလုပ်သားများနှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများ ပူးပေါင်း၍ အလုပ်အမှုဆောင် ၂၅ ဦးနှင့် အသင်းဝင်အင်အား ၁၀၀ ခန့်ဖြင့် ဩဂုတ် ၇ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ကမ်းနီးငါးဖမ်း ပိုက်လှေများအသင်း ဖွဲ့စည်းရေး အစည်းအဝေးကို မြိတ်တောင်ရပ်ကွက်ရှိ အောင်မင်္ဂလာခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပခဲ့ရာ ကမ်းနီးရေလုပ်သားများ၊ လှေပိုင်ရှင်များ၊ ကမ်းနီးရေလုပ်ငန်းလုပ်ကိုင်နေသူများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေး၍ အသင်းကို စတင်ဖွဲ့စည်းလိုက်ခြင်းဖြစ်ပြီး အသင်းအနေဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသူများ၏ ကိစ္စများရပ်ကို တတ်နိုင်သမျှ မိသားစုစိတ်ဓာတ်ဖြင့် ဖြေရှင်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ပင်လယ်ပြင်က တဖြည်းဖြည်းနဲ့ လှိုင်းလေဒဏ်က များလာပြီး ငါးလုပ်ငန်းဥပဒေအရ မြင်းကောင်ရေ ၂၀ ထက် မပိုရဘူး၊ လှေအလျား ပေ ၃၀ ထက်မပိုရဘူးလို့ သတ်မှတ်ချက်တွေ ရှိနေတယ်၊ အဲဒါတွေက အခုခေတ်မှာ အသုံးမဝင်တော့ဘူး။ ကျွန်တော်တို့အနေနဲ့ မြင်းကောင်ရေ ပိုတိုးအောင်၊ လှေတွေကိုလည်း လှိုင်းဒဏ်လေဒဏ် ခံနိုင်အောင် ကမ်းနီးငါးဖမ်းလုပ်ငန်းတွေအတွက် လှေဂရန်၊ စက်ဂရန်နဲ့ ငါးဖမ်းလိုင်စင်တွေ ချပေးအောင် ကြိုးစားမှာပါ”ဟု အသင်း၏ အတွင်းရေးမှူး ဦးဆန်းလွင်က ပြောသည်။

တည်ဆဲ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ မြိတ်ခရိုင်အတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကမ်းနီးငါးဖမ်းရေယာဉ် ၃၈၁၉ စီး၊ ရေလုပ်သား ၅၁၄၆ ဦးကို ငါးဖမ်းလိုင်စင်ထုတ်ပေးခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကမ်းနီးငါးဖမ်းရေယာဉ် ၉၄၀၉ စီးရှိ၍ သတ်မှတ်ချက်နှင့်မကိုက်ညီသည့် ကမ်းနီးငါးဖမ်းရေယာဉ် ၂၂၆၁ စီးရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကမူ ကမ်းနီး ကမ်းဝေး ငါးဖမ်းလှေများသည် သတ်မှတ်ရေပြင်ဧရိယာအတွင်း၌သာ ငါးဖမ်းဆီးခြင်းကို လုပ်ကိုင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ်းနီးလှေများသည် မိသားစု တစ်ပိုင်တစ်နိုင် စက်အင်အားမသုံးဘဲ ဖမ်းဆီးရသည့်လုပ်ငန်းဖြစ်၍ လှေများကို အရွယ်အစားနှင့် စက်အင်အားသတ်မှတ်ထားရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသော အရွယ်အစားနှင့် စက်အင်အားထက် ကြီးမားသော ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ပြီး ငါးဖမ်းဆီးမှုများ ပြားလာပါက ငါးသယံဇာတကို ထိခိုက်လာနိုင်၍ ဂေဟစနစ်များ ပျက်စီးလာနိုင် ကာ ရေရှည်တွင် ငါးသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို အဟန့်အတားဖြစ်လာစေနိုင်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

## ကွန်ပျူတာနည်းပညာ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

MPT မှ NLD ပညာရေးကွန်ရက်နှင့် ပူးပေါင်းစီစဉ်သည့် ဒီဂျစ်တယ်ပညာရေး အစီအစဉ်တစ်ခုဖြစ်သော ကွန်ပျူတာနည်းပညာသင်တန်းများကို သင်ကြားပေးလျက်ရှိရာ သင်တန်းအောင်မြင်သော သင်တန်းသား ၂၀၀၀ ကျော်နှင့်အတူ နောက်ဆုံးအောင်မြင်ခဲ့သောသင်တန်းသားများ စုပေါင်း၍ ကွန်ပျူတာနည်းပညာကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ ကျင်းပသည်။

ရှေ့သို့လှမ်းချီဒီဂျစ်တယ်ပညာရေးဆီအစီအစဉ်တွင် မြန်မာပြည်တစ်ဝန်းမှ သင်တန်းသူ သင်တန်းသား ၃၈၀၀ ကျော် ကွန်ပျူတာနည်းပညာ ကျွမ်းကျင်မှုသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး ယခုအကြိမ်တွင် သင်တန်းသား ၂၀၀၀ ကျော် တက်ရောက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်**

## Water Bus ခရီးစဉ်တိုးချဲ့ပြေးဆွဲနိုင်ရန် ဆိပ်ကမ်းများ ဆောက်လုပ်နေ

**ရန်ကုန် ဩဂုတ် ၉**

ယခုနှစ်အတွင်း Yangon Water Bus မှ ခရီးစဉ်လမ်းကြောင်းအသစ်များ တိုးချဲ့ပြေးဆွဲနိုင်ရန်အတွက် ဆိပ်ကမ်းများကို ပြင်ဆင်ဆောက်လုပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA မှ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

“အခု ဆိပ်ကမ်းတွေ၊ ဂျက်တီတွေ ဆောက်နေပြီ။ သင်္ဘောပုံစံက နည်းနည်းမြင့်နေတော့ ပြန်ပြင်ဆင်နေတယ်။ တံတားလည်းရှိတော့ မလွတ်ဘူး။ ဒီနှစ်ထဲပြေးဆွဲမယ်။ ပွင့်လင်းရာသီမှာ ပြေးဆွဲမယ်။ ငမိုးရိပ်ချောင်းနဲ့ သန်လျင်ဘက်ကို လမ်းကြောင်းတိုးချဲ့ပြေးဆွဲ ပေးသွားမယ်။ ဆိပ်ကမ်းတွေကလည်း များတယ်။ လမ်းကြောင်းတွေလည်း လေ့လာနေတယ်။ တိုးချဲ့မယ့် လမ်းကြောင်းတွေ ရှိသေးတယ်”ဟု ဒေါက်တာမောင်အောင်က ဆက်လက်ပြောသည်။

အဆိုပါ လမ်းကြောင်းသစ်နှစ်ခုတွင် ပြေးဆွဲအသုံးပြုမည့် သင်္ဘောများကိုလည်း တည်ဆောက်နေကာ မကြာခင်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

YangonWater Bus ၏ ယခင်ပြည်တွင်းထုတ်ရေယာဉ်များကို ရပ်နားပြီး မလေးရှားနိုင်ငံထုတ် ရေယာဉ် ရှစ်စင်း။ ယခင် ဩစတြေးလျနိုင်ငံထုတ် သုံးစင်းဖြင့် ပွင့်လင်းရာသီတွင် စတင်ပြေးဆွဲမည်ဖြစ်ကာ ယခင်ပြေးဆွဲနေသော ပြည်တွင်းထုတ်များကို ရပ်နားထားပြီး မလေးရှားနိုင်ငံထုတ်များ တင်သွင်းရေးကို မူဝါဒအတိုင်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

Yangon Water Bus သည် နိုင်ငံတော်မှငွေကြေးအား အသုံးပြုထားခြင်းမရှိဘဲ ကုမ္ပဏီမှကိုယ်ပိုင်ငွေကြေးဖြင့်သာလည်ပတ်နေခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်အား ရေကြောင်းပညာဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေခြင်းဖြစ်ကြောင်း ကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

Yangon Water Bus ပြေးဆွဲခဲ့သည်မှာတစ်နှစ်ကျော်ရှိပြီး ခရီးသည်များလည်း ယခင်ထက် စီးနင်းမှုပိုများလာကြောင်း၊ လက်ရှိတွင် ရေယာဉ်အစင်းရေ ၁၃ စင်းဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန်သို့ ပြေးဆွဲပေးနေသလို အပန်းဖြေခရီးစဉ်အဖြစ် ကျောက်တန်း၊ တွံတေး ခရီးစဉ်ကိုပါ အပတ်စဉ်ပြေးဆွဲပေးနေသော်လည်း မိုးတွင်းကာလဖြစ်၍ အချို့နေဝင်ချိန်ကြည့်ခရီးစဉ်များ ခေတ္တရပ်နားထားကြောင်း သိရသည်။

ယင်းအပြင် ခရီးသည်များအဆင်ပြေစေရန်အတွက် Water Bus ဂိတ်နှင့် YBS ချိတ်ဆက်ပြေးဆွဲနိုင်ရန် အာဏာပိုင်အဖွဲ့မှ လမ်းကြောင်းလေ့လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

**သူရိန်ကျော်**

## လှိုင်းဘွဲ့-ရှမ်းရွာသစ် ကားလမ်းပေါ်ရှိ မိုးပျံတံတားချဉ်းကပ်လမ်းပြုပြင်

**ရှမ်းရွာသစ် ဩဂုတ် ၉**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ ဝင်ရောက်တိုက်စားသဖြင့် ဩဂုတ် ၅ ရက်က မဲသမူကျေးရွာအုပ်စု အတွင်း လှိုင်းဘွဲ့-ရှမ်းရွာသစ်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (29.2 -29.4)km အကြားအရှည် ၁၉၅ ပေနှင့် အကျယ် ပေ၃၀ ရှိ မိုးပျံတံတားချဉ်းကပ်လမ်းရေတိုက်စားမှုကြောင့် ကတ္တရာလမ်းသား ကိုးပေ၊ အကျယ်ပေ ၂၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ ပျက်စီးသွားသော တံတားချဉ်းကပ်လမ်းကို ပြည်နယ်ခရိုင်လမ်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် လမ်းဦးစီးဌာနမှတာဝန်ရှိသူများနှင့် တပ်မတော်အခြေချနည်းဗျူဟာမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ချဉ်းကပ်လမ်းပြင်ဆင်ဆောင်ရွက်မှုများကို ဩဂုတ် ၇ ရက်မှစ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက် နံနက်မှစ၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ရှမ်းရွာသစ်မြို့ လမ်းဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မိုးပျံတံတားချဉ်းကပ်လမ်းပြုပြင်နေစဉ်။

## ဂျိုင်းမြစ်ရေမြင့်တက်လာသည့်အတွက် ဂျိုင်း-ကော့ကရိတ်တံတား၌ ယာဉ်များသွားလာရန်ခက်ခဲ

**ဘားအံ ဩဂုတ် ၉**

ကရင်ပြည်နယ်၌ မြစ်ချောင်းများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစ၍ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပိုင်း ဂျိုင်း-ကော့ကရိတ်တံတားတွင် ဂျိုင်းမြစ်ရေမြင့်တက်လာပြီး ပွန်တွန်းဖောတံတား ချဉ်းကပ်လမ်း ရေမြုပ်နေသည့်အတွက် ကားကြီးများ တစ်စီးနှင့်တစ်စီးစောင့်ဆိုင်းသွားလာနေရပြီး ယာဉ်ငယ်များသွားလာရန် ခက်ခဲနေကြောင်း သိရသည်။

ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပိုင်း ဂျိုင်းမြစ်ရေမြင့်တက်လာမှုကြောင့် ကျားကလေးနှင့် ကျုံဒိုးကြား ကားလမ်းမကြီးပေါ်တွင် ငါးနေရာခန့် ရေကျော်နေသည့်အတွက် ယာဉ်ငယ်များဖြတ်သန်းသွားလာမှု အဆင်မပြေဖြစ်နေကြောင်း၊ ယဉ်ငယ်များ ထီလုံ-တာပေါင်-ပတ-နဘူး-တံတားကြိုး (ကော့ကရိတ်) လမ်းဘက်မှ သွားလာကြပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ သို့သော် အဆိုပါလမ်းတွင် သစ်သားတံတားများ ရှိနေသည့်အတွက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှု မပြုကြရန် ပြည်နယ်လမ်းဦးစီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။

ဂျိုင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ကျုံဒိုးမြို့တွင် ရေဘေးကယ်ဆယ်ရေး စခန်းသုံးခုကို ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၆၁ စု၊ လူဦးရေ ၇၄၂ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကာ မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အင်းတော်ကြီးအင်းအတွင်းသို့ စုပေါင်း ငါးမျိုးကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်

**မိုးညှင်း ဩဂုတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ အင်းတော်ကြီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်းအနီး အင်းတော်ကြီးအင်းအတွင်းသို့ သဘာဝငါးသယံဇာတများပြန်းတီးခြင်းမှ ကာကွယ်ရန် စုပေါင်းငါးမျိုးများ စိုက်ထည့်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အင်းတော်ကြီးဒေသ (ရုံးခွဲ) ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ ယမန်နေ့က အဆိုပါ အင်းအတွင်းသို့ စုပေါင်းစိုက်ထည့်သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့်အဖွဲ့၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလေးနိုင်နှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့်အဖွဲ့ ၊ နယ်မြေရှေ့တန်းတပ်စခန်းမှ တပ်ရင်းမှူး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး အင်းတော်ကြီးအင်းအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကောင်ရေ တစ်သိန်း၊ ငါးဒိန်းတစ်သိန်း စုစုပေါင်း ငါးမျိုးသားပေါက်ကောင်ရေ သုံးသိန်းတို့ကို လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့သည် ရွှေမဥ္ဇူဘုရားရင်ပြင်အသစ်တိုးချဲ့ပြုပြင်နိုင်ရေးအတွက် ရွှေမဥ္ဇူဘုရားရှိ အာရုံခံတန်ဆောင်းပေါ်တွင် ရွှေမဥ္ဇူဘုရားနာယက ဆရာတော်ကြီးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘုရားဂေါပကအဖွဲ့များအား ဘုရားရင်ပြင်၌ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နီတိုး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၀ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၈၀၅ | ကျပ် | ၈၂၅/၈၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၈၉၅ | ကျပ် | ၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၇ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၃ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၆ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၃ · ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၃၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ · ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၀၆၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၈၇၅ | ၂၁၅၆၁၅၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၅၈၅၉ | ၂၀၂၁၅၃၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၁၃၃ | ၉၂၉၀၆၀၀ |
| FPB | ၂၆၀၀၀ | ၂၆၀၀၀ | ၇၄ | ၁၉၂၄၀၀၀ |
| TMH | ၂၉၅၀ | ၂၉၀၀ | ၃၈၉၄ | ၁၁၆၅၁၅၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# 'နိုင်ငံကြီးသား' ရုပ်ရှင် ပြသမှုမှရရှိသည့် ငွေအချို့ကို ဦးဝင်းတင် ဖောင်ဒေးရှင်းသို့ လှူဒါန်းမည်




အားမာန် ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် နိုင်ငံကြီးသား ဇာတ်ကားကို ဇာတ်လမ်း ဈာန်သခင်၊ ဇာတ်ညွှန်း မောင်မြတ်ဆွေ ရေးသားပြီး ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က ပုံဖော်ရိုက်ကူးထားကာ သရုပ်ဆောင်များအဖြစ် နေထက်လင်း၊ ဇင်ဝိုင်း၊ နေမျိုးအောင်၊ နေတိုး၊ မင်းမော်ကွန်း၊ မိုးယံဇွန်၊ ထွန်းထွန်း၊ မင်းသွေး(ကွယ်လွန်)၊ နေရဲ၊ ထွန်းကိုကို၊ ရွှေသမီး၊ အွန်ဆိုင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။ ယင်းဇာတ်ကားကြီးကို ဩဂုတ် ၈ ရက်က နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ စတင်ပြသခဲ့ပြီး ဇာတ်ကားပြသရာမှ ရရှိလာသော ငွေအချို့ကို ဦးဝင်းတင်ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဟု သိရသည်။

ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က "ဒီကားက နိုင်ငံကြီးသား စစ်စစ်တစ်ယောက်ဖြစ်ဖို့ဆို ဘာတွေ ဖြစ်သင့်တယ်၊ သူ့မှာ ဘယ်လိုခံယူချက်တွေ ထားသင့်တယ်၊ မဟုတ်တာလုပ်တဲ့သူကို မဟုတ်ကြောင်း ရဲရဲဝံ့ဝံ့ ဆွဲထုတ်ပြသနိုင်ရမယ်၊ တရားဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး အာဏာအတွက် အသုံးချတာမျိုး မဖြစ်ရဘူးဆိုတဲ့ အကြောင်းတွေကို အခြေခံပြီး ရိုက်ထားတဲ့ ကားတစ်ကားပါ၊ ကျွန်တော်တို့ တိုင်းပြည်မှာ ငွေများငွေနိုင် အာဏာရှိသူက အနိုင်ကျင့်တာမျိုးတွေ ရှိနေတုန်းဆိုတာကို ဒီကားကနေ ပြသထားပါတယ်၊ အဘ ဦးဝင်းတင် ရေးခဲ့တဲ့ မှတ်သားစရာ စာသားလေးတစ်ခုကနေ ကျွန်တော်တို့ ဒီဇာတ်ကားလေးကို အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ၊ ဒီကားလေးကို ကြည့်တဲ့ပရိသတ်ကို ကျွန်တော်တို့ ရဲရဲဝံ့ဝံ့ ပြောရဲပါတယ်၊ ဒီကားက ပေါ်လစီကားတစ်ကား မဟုတ်ဘူး ဆိုတာပါပဲ"ဟု ပြောကြားသည်။

ဇာတ်ကားကို ရိုက်ကူးခဲ့သည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍လည်း ဒါရိုက်တာ စတီးက "ကျွန်တော်တို့ ပြည်သူတွေနဲ့ ကျွန်တော်တို့ ရပ်ကွက်ထဲကလူတွေ ဘာတွေဖြစ်နေကြလဲ၊ သူတို့ ဖြစ်နေတာတွေကို ကျွန်တော် ခံစားပြီး ဖန်တီးချင်တယ်၊ ပြီးတော့ နိုင်ငံတစ်နိုင်ငံရဲ့အရေးဆိုတာ လူတိုင်းမှာ တာဝန်ရှိပါတယ်၊ နိုင်ငံရေးနဲ့ နိုင်ငံ့အရေးဆိုတာ မတူပါဘူး၊ နိုင်ငံရေးဆိုတာက လူကြီးတွေ၊ နိုင်ငံရဲ့အခြေအနေကို ဖန်တီးကြတဲ့ ပုဂ္ဂိုလ်တွေ လုပ်ကိုင်ကြတာကို ဆိုလိုတာ၊ နိုင်ငံ့အရေးကတော့ ပြည်သူတွေ လူတိုင်းလူတိုင်း ကိုယ့်နိုင်ငံကို ပြောင်းလဲအောင် ဖန်တီးနိုင်ရမယ်ဆိုတာမျိုးပါ၊ ကိုယ့်နိုင်ငံမှာ ကိုယ်လူမျိုးတွေရဲ့ သာရေး နာရေးကအစ အားလုံးကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမယ်ဆိုတာကို သိစေချင်တယ်၊ ကိုယ်နဲ့မဆိုင်ဘူးဆိုတာမျိုး မဖြစ်စေချင်ဘူး၊ ကျွန်တော်က နိုင်ငံရေးအကြောင်းတော့ နားမလည်ပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာကို သိစေချင်တယ်၊ ဒါ့ကြောင့် ဒီကားကို ကျွန်တော်ရိုက်ခဲ့တာပါ"ဟုလည်း ဆက်ပြောသည်။

နိုင်ငံကြီးသား ရုပ်ရှင်ဇာတ်ကားတွင် ဒုရဲမှူး ရဲသီဟအဖြစ် အကယ်ဒမီနေတိုးက သရုပ်ဆောင်ထားပြီး ပိုက်ဆံရှိ အာဏာရှိသော လူတန်းစားများအဖြစ် နေထက်လင်း၊ ဇင်ဝိုင်း၊ နေမျိုးအောင်တို့က ပါဝင်သရုပ်ဆောင်ထားကြကာ ၄င်းတို့၏ သားများအဖြစ် မင်းသွေး၊ မင်းမော်ကွန်းနှင့် နေရဲတို့က သရုပ်ဆောင်ထားသည်။

ဖခင်၏ အရှိန်အဝါဖြင့် ရမ်းကားနေသော မင်းမော်ကွန်းသည် နိုင်ငံကျော် မော်ဒယ်မင်းသမီးအဖြစ် သရုပ်ဆောင်ထားသည့် အွန်ဆိုင်းကို တစ်ဖက်သတ် မြတ်နိုးနေပြီး စပွန်ဆာပေးမည့် ကိစ္စကို အွန်ဆိုင်းက လက်မခံဘဲ မင်းမော်ကွန်းကို လူပုံအလယ် အရှက်ခွဲခဲ့သည်။ ထို့ကြောင့် မင်းမော်ကွန်းတို့ အဖွဲ့က မကျေမနပ်ဖြစ်ကာ မော်ဒယ်အွန်ဆိုင်းကို အဓမ္မကျင့် သတ်ဖြတ်ခဲ့သည်။ ထိုသို့ သတ်ခဲ့သည်ကို အွန်ဆိုင်း၏ချစ်သူဖြစ်သူ ဓာတ်ပုံဆရာလေး ထွန်းကိုကိုအား ဒုရဲမှူး ရဲသီဟက ပြောပြခဲ့သည်။ တရားခံများကို ဖော်ထုတ်နိုင်ရန် ဒုရဲမှူး ရဲသီဟ လိုက်လံစုံစမ်းနေစဉ် အွန်ဆိုင်း၏ ဒီဇိုင်နာလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သူ ရွှေသမီးကလည်း သူငယ်ချင်းဖြစ်သူ သေဆုံးသွားသည့် ကိစ္စအတွက် တရားခံများကို ဖော်ထုတ်နိုင်အောင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းခဲ့သည်။ သို့သော် ရွှေသမီးသည်လည်း သေဆုံးသလား၊ ပျောက်ဆုံးသလား မသိရဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားသောအခါ လူသတ်မှုကို မည်သို့ ဆက်လက်ဖော်ထုတ် ဖြေရှင်းမည်ကို နိုင်ငံကြီးသား ရုပ်ရှင်တွင် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း အကြိုခံစားတင်ပြလိုက်ပါသည်။ ။

**ကိုလင်း**

## ပရိသတ်အာရုံစိုက်အောင် မလုပ်ချင်ဘဲ အနုပညာအလုပ်များသာ လုပ်နေကြောင်း တိုင်ရွှန်ပြောကြား

ရုပ်သံဇာတ်လမ်းတွဲများဖြင့် နာမည်ရလာကာ အများအားဖြင့် ခပ်ကြမ်းကြမ်း အက်ရှင်ကာရိုက်တာမျိုးကို သရုပ်ဆောင်လေ့ရှိသူ လူငယ်သရုပ်ဆောင် တိုင်ရွှန်က ပရိသတ်အာရုံစိုက်အောင် မလုပ်ချင်ဘဲ အနုပညာအလုပ်များကိုသာ ကြိုးစားပြီးလုပ်နေကြောင်း ပြောကြားသည်။

"ပရိသတ်တွေ သိပ်မကြိုက်တဲ့ အချက်တွေကို ကျွန်တော် သတိထားပြီးနေတယ်။ ပရိသတ်တွေရဲ့ အာရုံစိုက်ခြင်းခံရအောင် လုပ်တာမျိုးတွေလည်း ကျွန်တော်မလုပ်ချင်ဘူး။ ကျွန်တော့် အနုပညာအလုပ်ကို သေချာကြိုးစားပြီး အလုပ်တွေပဲ ပိုလုပ်ဖြစ်တယ်။ အနုပညာအလုပ်တွေမလုပ်ဘဲ ပရိသတ်တွေ အာရုံစိုက်ဖို့ပဲ လုပ်နေတဲ့သူလို့ ကျွန်တော် အပြောမခံချင်ဘူး။ အဲ့ဒါကြောင့် ကျွန်တော့်ပရိသတ်တွေ မျက်စိနောက်အောင် သိပ်မနေတော့ပါဘူး။ ဒီနှစ်ထဲမှာ ကျွန်တော့်ဇာတ်ကားလေးတွေ ထပ်ပြီး ထွက်လာဖို့လည်း ရှိပါတယ်၊ ရှေ့ဆက်ပြီးလည်း အများကြီး ကျွန်တော်ကြိုးစားနေပါတယ်"ဟု တိုင်ရွှန်က ပြောသည်။

တိုင်ရွှန်အနေဖြင့် ဩဂုတ် ၈ ရက်က စတင် ရုံတင်နေသည့် ပုရိသ ဟာသရုပ်ရှင်ဇာတ်ကားတွင်လည်း နေခြည်ဦး၏ခင်ပွန်းအဖြစ် ခပ်ကြမ်းကြမ်း ဇာတ်ကောင်စရိုက်ဖြင့်ပင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ကျွန်တော့်အတွက် ဒီဇာတ်ကားလေးက မျှော်လင့်နေတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပထမဆုံး ဟာသဇာတ်ကားလေးလည်း ဖြစ်ပါတယ်။ ကျွန်တော့်ကာရိုက်တာက နေခြည်ဦးရဲ့ အမျိုးသားနေရာဖြစ်ပြီး အရက်မသောက်ရင် ကောင်းတယ်၊ အရက်သောက်ရင် အလွန်ဆိုးတဲ့သူတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားလေးက ဟာသဇာတ်ကားတွေကြိုက်တဲ့ ပရိသတ်တွေအတွက် အဆင်ပြေစေမယ့် ဇာတ်ကားကောင်းလေးတစ်ကား ဖြစ်ပါတယ်။ သရုပ်ဆောင်တဲ့ နေရာမှာ ကျွန်တော်မလုပ်ချင်ဆုံးအရာက နောက်ကသီချင်းဖွင့်ပြီး ကရတာပါပဲ။ ကျွန်တဲ့ အိုက်တင်တွေကို မတတ်ရင် သင်မယ်။ ကြောက်လည်းမကြောက်ပါဘူး။ အဲဒီအိုက်တင်ကိုတော့ မလုပ်ချင်ဘူး။ အဲဒီလိုကာရိုက်တာက လုပ်ရတာ နည်းနည်းလည်း ကြောင်တောင်တောင်နိုင်တယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ဒီဇာတ်ကားထဲမှာဆိုရင် နေပူထဲမှာ သီချင်းတစ်ပုဒ်လုံးပြီးအောင် ကရတယ်။ အဲဒါက ကျွန်တော့်အတွက် ပင်ပန်းတယ်။ ခက်လည်းခက်ခဲပါတယ်။ အဲဒီလို ကရတာကလည်း ကျွန်တော့်အတွက် ပထမဆုံးပါပဲ။ ကျွန်တော် နောက်ထပ် ဒါရိုက်တာ ကိုပြည်ဟိန်းသီဟနဲ့ပဲ ဟာသဇာတ်ကားလေးတစ်ကား ထပ်ရိုက်နေပါတယ်"ဟု တိုင်ရွှန်က ဆက်ပြောပြသည်။

**ကိုလင်း**



## ပိုင်တံခွန်နှင့် Brave Empire Entertainment တို့ ဇာတ်ကားများရိုက်ကူးရန် စာချုပ် ချုပ်ဆို

**'လိပ်ပြာစံအိမ်'** ရုပ်ရှင်ဇာတ်ကားကြီးကို ထုတ်လုပ်ခဲ့သည့် Brave Empire Entertainment ရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ထပ်မံ၍လည်း ရုပ်ရှင်ဇာတ်ကားများစွာကို အရည်အသွေးဦးစားပေးပြီး အမြတ်အစွန်းကိုမကြည့်ဘဲ ထုတ်လုပ်နိုင်ရန် စီစဉ်လျက်ရှိသလို လတ်တလောတွင် ပြည်တွင်း မြန်မာအမျိုးသမီး ပရိသတ်များသာမက အိမ်နီးချင်း ထိုင်းအမျိုးသမီး ပရိသတ်များ၏ စိတ်ဝင်စားမှုကိုပါ ရရှိနေသော လူငယ်မော်ဒယ်သရုပ်ဆောင် ပိုင်တံခွန်နှင့် ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရန် ဩဂုတ် ၇ ရက်က စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည် ။

Brave Empire ၏ CEO ကိုစိုးလှိုင်က "ကျွန်တော်တို့ Brave Empire အနေနဲ့ နာမည်ကြီးလို့ စီးပွားရေးအရ လိုက်ပြီး ခေါ်ရိုက်တာမျိုး မဟုတ်ပါဘူး၊ ညီလေး ပိုင်တံခွန်နဲ့က ဟိုးအရင် မော်ဒယ်လုပ်ကတည်းက ခင်မင်ရင်းနှီးနေတာ ကြာပါပြီ၊ ကျွန်တော်တို့ ထုတ်လုပ်ရေးစလုပ်ပြီး ဇာတ်ကားတွေ ရိုက်နေကတည်းက သူနဲ့လိုက်ဖက်တဲ့ဇာတ်ကို သေချာရှာပြီး ရိုက်ကူးဖို့လည်း ပြင်ဆင်ပြီးသားပါ၊ နောက်ပြီး သူက ကျွန်တော့်ကို "အစ်ကိုရေ-ကျွန်တော့်ကို ထိုင်းက အမျိုးသမီးပရိသတ်တွေပါ အားပေးလာတာတွေ့ရလို့ ကျွန်တော်ပျော်တယ်"ဆိုပြီး ပြောလာတယ်၊ သူက ကိုယ့်ညီလိုဖြစ်နေတော့ သူ့ကို ဒီအတိုင်း ဟိုဟာရိုက်လိုက်၊ ဒါလေးပြေးရိုက်လိုက်နဲ့ ပေါ်ပင်ပုံစံမျိုး မဖြစ်စေချင်ဘူး၊ အနုပညာလမ်းကြောင်းပေါ်မှာ တည်တည်တံ့တံ့လေး လျှောက်စေချင်တာမို့ ဒါဆို ငါတို့ ထိုင်းပရိသတ်တွေရော၊ မြန်မာပရိသတ်တွေအတွက်ရော ညီလေးပိုင်တံခွန်ရဲ့အနုပညာစွမ်းအားကို ပူးပေါင်းပြီး ပြကြမယ်ဆိုပြီး အခုလို စာချုပ်ချုပ်လိုက်တာပါ"ဟု ပြောသည်။

စာချုပ်စည်းကမ်းများနှင့် ပတ်သက်၍လည်း ကိုစိုးလှိုင်က "စာချုပ်ချုပ်တဲ့နေရာမှာလည်း သူ့ကို လွတ်လပ်စွာနဲ့ ကျွန်တော်တို့ အနုပညာအလုပ်တွေ လုပ်ပိုင်ခွင့်ပေးထားပြီးသားပါ၊ ကျွန်တော်တို့အပြင် ကြိုက်တဲ့ထုတ်လုပ်ရေးတွေနဲ့ သူ လက်တွဲပြီး ဇာတ်ကားတွေ ရိုက်ခွင့်ရှိပါတယ်၊ သူနဲ့ရိုက်မယ်ဆို ကျွန်တော်တို့အနေနဲ့ ဇာတ်လမ်းတွေ ရွေးချယ်တာမျိုး၊ သူ့ရဲ့ အနုပညာကြေးကို သတ်မှတ်ပေးတာမျိုးတော့ ကျွန်တော်တို့က သူနဲ့ အတူဆုံးဖြတ်တာတွေတော့ ရှိပါတယ်၊ ပိုင်တံခွန်နဲ့ ကျွန်တော်တို့ထုတ်လုပ်ရေးက သဘောကျတယ်ဆိုရင်တော့ တခြားထုတ်လုပ်ရေးနဲ့လည်း လက်တွဲဖြစ်မှာပါ၊ လာရောက်ကမ်းလှမ်းမှုတွေကိုလည်း ကျွန်တော်တို့ဘက်က ကြိုဆိုနေပါတယ်"ဟု ပြောသည်။

ပိုင်တံခွန်ကလည်း "ကျွန်တော် Brave Empire နဲ့ ဇာတ်ကားတွေ ရိုက်ကူးဖို့ ပြင်ဆင်နေပါတယ်၊ Brave Empire ဆိုတာကလည်း ဇာတ်ကားကောင်းတွေကို စနစ်တကျ ရိုက်ကူးပြီး အရည်အသွေးကိုသာ ဦးစားပေးတဲ့ ထုတ်လုပ်ရေးမို့ ကျွန်တော် ယုံကြည်ပြီးသားပါ၊ ကျွန်တော့်ကားတွေ ထွက်လာရင် အားပေးဖို့ပဲ ပြောပါရစေ"ဟု ပိုင်တံခွန်က ပြောသည်။

ပိုင်တံခွန်အနေဖြင့် ဩဂုတ် ၇ ရက်က ထိုင်းနိုင်ငံ၌ ထိုင်းပရိသတ်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ "ကျွန်တော့်အနေနဲ့ မော်ဒယ်တစ်ယောက်အဖြစ်နဲ့ရော၊ Photo Model အဖြစ်နဲ့ရော ကြော်ငြာလေးတွေ ရိုက်ဖြစ်တာ ကြာပါပြီ၊ အဲဒီလိုကနေ ပုံလေးတွေ အွန်လိုင်းမှာတင်ရင်း ထိုင်းက ပရိသတ်တွေက တဖြည်းဖြည်း သတိထားမိလာပြီး အားပေးလာကြတယ်၊ အထူးသဖြင့်တော့ မြန်မာပရိသတ်တွေက ကျွန်တော့်ကို ချစ်ကြအားပေးကြရာကနေ ထိုင်းကပရိသတ်တွေပါ အားပေးလာကြတာပေါ့နော်၊ အစကတော့ ထိုင်းက ပရိသတ်တွေနဲ့တွေ့ဖို့ ကျွန်တော် ကြောက်တယ်၊ အစ်ကိုကြီးကိုစိုးလှိုင်တို့က ထိုင်းပရိသတ်တွေနဲ့ တွေ့သင့်တယ်၊ ပြီးတော့ ထိုင်းက ကျွန်တော့်ကို ချစ်ကြခင်ကြတဲ့ သူတွေကလည်း တွေ့ချင်ကြတယ် ဆိုတာကြောင့် ကျွန်တော် တွေ့ဆုံပွဲလေး လုပ်ဖြစ်သွားတာပါ"ဟု ထိုင်းပရိသတ်နှင့် တွေ့ဆုံခဲ့သည့် အစီအစဉ်နှင့်ပတ်သက်၍ ပိုင်တံခွန်က ပြောပြသည်။

**ကိုလင်း**




## 'ကတိ' ရုပ်ရှင်ဇာတ်ကားကြီးကို ဩဂုတ် ၁၀ ရက်တွင် စတင်ရိုက်ကူးမည်

Mega Mark Film မှ ရိုက်ကူးထုတ်လုပ်မည့် ကတိဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်း Victor က ရေးသားပြီး ဒါရိုက်တာ ထက်ဝေယံနိုင်(Lucius Wayne)က ရိုက်ကူးပုံဖော်ကာ သရုပ်ဆောင် အောင်မြင့်မြတ်၊ အောင်ရဲထိုက်၊ မေ၊ ထွန်းအိန္ဒြာဗို၊ စိုးမိုးကြည်၊ မင်းဦး၊ ထူးသာ၊ ညိုမင်းလွင်၊ သိန်းလင်းစိုး၊ ဇင်မိုး၊ တင်ဇာဝင်းပြည့်နှင့် မြနှင်းရည်လွင်၊ ကလေးသရုပ်ဆောင်များအဖြစ် ဖြိုးသကြ်န်ဇော်၊ အားကိုးရာ၊ သုတအောင်နှင့် အိန်ဂျလာကေတို့ ပါဝင်သရုပ်ဆောင်သွားမည်ဟု သိရသည်။

အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ဆောင် တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည့် သရုပ်ဆောင် မေက လူငယ်ဒါရိုက်တာသစ်တစ်ဦးနှင့် ဇာတ်ကားရိုက်ကူးရသည့်အတွေ့အကြုံနှင့်ပတ်သက်၍ "ဒီ ကတိ ဇာတ်ကားကို ရိုက်ဖြစ်တာကတော့ ကိုယ့်ကိုယ်ယုံကြည်လို့ လာပြီးကမ်းလှမ်းတယ်၊ ကိုယ်ကလည်း သူတို့အပေါ် ယုံကြည်တယ်၊ သူတို့ရဲ့ပညာကို လေးစား တန်ဖိုးထားတယ်ပေါ့နော်၊ ဒါပေမယ့် ပရိသတ်က ကိုယ့်အပေါ်ကို ယုံကြည်မှုပျက်စေတာမျိုးတော့ မဖြစ်ချင်ပါဘူး၊ ဒီဇာတ်ကားကို အကောင်းဆုံးဖန်တီးကြမယ်လို့ ကတိပေးပါတယ်"ဟု ပြောသည်။

ကတိ ရုပ်ရှင်ဇာတ်ကားသည် အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး လူတစ်ယောက်က အခြားတစ်ယောက်အား ပေးခဲ့သော ကတိစကားသည် မည်မျှအရေးပါကြောင်းကို ရိုက်ကူးပုံဖော်သွားမည်ဖြစ်ကြောင်း၊ ကတိ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁၀ ရက်မှ စတင်၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# သရုပ်ဆောင်လောကကို မလွမ်းဘူးလို့ ကင်မရွန်ဒီယာဇ်ပြောကြား

ဟောလိဝုဒ်ရုပ်ရှင် မင်းသမီးကင်မရွန်ဒီယာဇ်ဟာ လူအများစိတ်ဝင်စားခြင်း ခံရတဲ့ အောင်မြင်မှုကနေ ဖယ်ခွာသွားတာ နှစ်အတန်ကြာရှိပါပြီ။ InStyle မဂ္ဂဇင်းရဲ့ စက်တင်ဘာလအတွက် အထူးထုတ်မှာတော့ ကင်မရွန်က လက်ရှိ ကိုယ်ပိုင်ဘဝမှာပဲ နေထိုင်နေတာ သူ့အတွက် ထိုက်တန်တယ်။ အသက် ၂၂ နှစ်အရွယ်ကတည်းက အနုပညာအလုပ်စတင်ခဲ့တာဖြစ်လို့ ၂၅ နှစ်ကြာ သရုပ်ဆောင်လောကမှာ ကျင်လည်ခဲ့ပါတယ်။ ဒါဟာ ရှည်ကြာလှတဲ့ ကာလတစ်ခုပါပဲ။ ဒါကြောင့် အခုလို လူအများရဲ့မြင်ကွင်းကနေ ဖယ်ခွာနေတာ သူ့အတွက် ကောင်းတယ်လို့ ဖြေကြားခဲ့ပါတယ်။

"ကျွန်မဘဝရဲ့ တစ်ဝက်နီးပါးခန့်ကို လူထုရှေ့မှာပဲ ရှင်သန်ခဲ့ပြီးပါပြီ။ အခုကိုယ့်အတွက်ကိုယ် အချိန်ပေးရတာ ကျွန်မအတွက် အဆင်ပြေပါတယ်"လို့ သူက ဆက်ပြောပါတယ်။ ကင်မရွန်ဟာ ၂၀၁၄ ခုနှစ်က လူအများမြင်ကွင်းမှာ တစ်ခါထွက်ပေါ်လာပြီးနောက် ဟောလိဝုဒ်မြင်ကွင်းကနေ ပျောက်ကွယ်နေတာ နှစ်အတန်ကြာပါပြီ။ နောက်ပြီးတော့ လွန်ခဲ့တဲ့နှစ်ကပဲ ကင်မရွန်ဟာ သရုပ်ဆောင်လောကကနေ အနားယူမယ်လို့ ကြေညာခဲ့ပါတယ်။ အခုအခါမှာလည်း သရုပ်ဆောင်လောကကို လွမ်းဆွတ်ခြင်းမရှိဘူးလို့ ပြောပါတယ်။ ကင်မရွန်ဟာ ၂၀၁၅ ခုနှစ်က ဂီတပညာရှင် ဘန်ဂျီမက်ဒမ်နဲ့ လက်ထပ်ခဲ့ပါတယ်။ အချိန်တိုင်းဟာ သူ့ရဲ့ ကိုယ်ပိုင်အချိန်တွေပဲဖြစ်နေတာမို့ သူအခု ဘာလုပ်နေတယ်ဆိုတာ ဘယ်သူ့ကိုမှ အသိမပေးဘူးလို့ သူက ဆက်ပြောပါတယ်။ ကင်မရွန်ရဲ့အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ Charlies's Angels ဇာတ်ကားလည်း အပါအဝင်ပါပဲ။

**စီအင်န်အင်န်**



ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကင်မရွန်ဒီယာဇ်


# Home Alone ဇာတ်ကားရဲ့ ဇာတ်ကောင် ကီဗင် ၂၀၁၉ ခုနှစ်မှာ ဘယ်လိုပုံစံဖြစ်နေမလဲဆိုတာကို ပြသ

၁၉၉၀ ပြည့်နှစ်က နာမည်ကျော်ရုပ်ရှင်ဖြစ်ခဲ့တဲ့ Home Alone ဇာတ်ကားကို ပြန်လည်ရိုက်ကူးမယ်လို့ သတင်းထွက်ပေါ်ပြီးတဲ့နောက် လူအများရဲ့စိတ်ဝင်စားမှုတွေလည်း မြင့်တက်လျက်ရှိပါတယ်။ Home Alone ဇာတ်ကားမှာ ကီဗင်မက်ကောလစ်စတာအဖြစ် သရုပ်ဆောင်ခဲ့တဲ့ ကလေးသရုပ်ဆောင် မက်ကောလေးကော်ကင်ကတော့ ဒစ္စနေးလ်ရုပ်ရှင်ကို သူ့အနေနဲ့ ပြောပြချင်တာရှိတယ်လို့ ပြောခဲ့ပါတယ်။ ကီဗင်နေရာမှာ သရုပ်ဆောင်ခဲ့တဲ့ မက်ကောလေးဟာ အခုဆိုရင် အသက် ၃၈ နှစ် ရှိနေပါပြီ။

၂၀၁၉ ခုနှစ်ရောက်တဲ့အခါမှာတော့ ရုပ်ရှင်ထဲက ကီဗင်ဆိုတဲ့ ဇာတ်ကောင်ဟာ ဒီလိုပုံဖြစ်နေတယ်လို့ သူထင်တယ်ဆိုပြီး ဆိုဖာပေါ်ထိုင်ကာ အစားစားနေတဲ့ပုံကို မက်ကောလေးက တွစ်တာပေါ်မှာ မျှဝေခဲ့ပါတယ်။ Home Alone ဇာတ်ကားကို ပြန်လည်ရိုက်ကူးတာဟာ မူရင်းဇာတ်ကားကို ဖျက်ဆီးရာရောက်လိမ့်မယ်ဆိုပြီး အွန်လိုင်းပေါ်မှာ ပြောဆိုနေကြတာလည်း ရှိပါတယ်။ တကယ်လို့များ ပြန်လည်ရိုက်ကူးတဲ့ရုပ်ရှင်မှာ မက်ကောလေးသာ တစ်နည်းနည်းနဲ့ ပြန်လည်ပါဝင်ခဲ့မယ်ဆိုရင် လူတွေပိုပြီး စိတ်ကျေနပ်မှုရလိမ့်မယ်လို့ ထင်ကြေးပေးနေကြပါတယ်။

Home Alone ဇာတ်ကားဟာ တစ်ကမ္ဘာလုံးရုံတင်ပြသငွေ ဒေါ်လာ ၃၈၅ သန်း ရရှိခဲ့တာပါ။ Home Alone ဇာတ်ကားကို ဘယ်အချိန်မှာ ပြန်လည်ရိုက်ကူးပြီး ဘယ်သူတွေ ပါဝင်သရုပ်ဆောင်မယ်ဆိုတာကို ဒစ္စနေးလ်က အသေးစိတ်ပြောကြားခြင်း မရှိသေးပါဘူး။

**ဘီဘီစီ**



ကီဗင်အဖြစ်သရုပ်ဆောင်ခဲ့သူ မက်ကောလေး။



# အနုညာတ- /အနုန်ညာတ့/၊ ပါဠိ 'ဉ' နှင့် မြန်မာ 'ည'

## မောင်ခင်မင် (ဓနုဖြူ)

"သမီးပါ ဆရာကြီး"

"သြော်၊ အေး...အေး။ မလာတာကြာပြီ။ ဆရာက ဘယ်သူလဲလို့ စဉ်းစားနေတာ"

"ဟုတ်ကဲ့။ သမီး နယ်မှာတာဝန်ကျနေတာ နှစ်နှစ်ရှိပါပြီ။ ခုမှ ရန်ကုန်ပြန်ပြောင်းရလို့ ဆရာကြီးဆီ မရောက်တာပါ"

"ဟုတ်ပါပြီ။ ကဲ... ပြောစရာတစ်ခုခုရှိသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်။ ဆရာကြီးကို မေးချင်လို့ပါ။ လွန်ခဲ့တဲ့တစ်ပတ်လောက်က ရုပ်မြင်သံကြားက အသံလွှင့်ကြေညာတဲ့ သတင်းတစ်ခုမှာ သမီးသေသေချာချာ မသိတဲ့ စကားတစ်လုံး ကြားလိုက်လို့ပါ"

"ဘာပါလိမ့်"

" 'အနုံညာတတရားရုံး' ဆိုတဲ့ စကားလုံးပါ။ ဒါပေမယ့် နောက်ရက်တွေမှာ အဲဒီသတင်းကို သတင်းစာမှာ 'အနုညာတ' လို့ တွေ့ရပါတယ်။ အဲဒါ သတင်းကြေညာတဲ့သူက 'အနုညာတ' ကို 'အနုံညာတ' လို့ မှားဖတ်တယ်ထင်လို့ပါ ဆရာကြီး။ ဘယ်ဟာ မှန်သလဲ လို့ သိချင်လို့ပါ"

"အင်း... သတင်းကြေညာတဲ့သူတွေက မကြာခဏ မှားဖတ်တတ်ကြတော့ ဒါလည်း မှားဖတ်တာဖြစ်မယ်လို့ သမီးက ထင်တာပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီစကားမှာတော့ သတင်းကြေညာတဲ့သူ ဖတ်တာက အမှန်ပဲသမီးရဲ့။ ရေးထားတာက 'အနုညာတ' လို့ ရေးထားပေမယ့် ဖတ်ရင် 'အနုံညာတ' လို့ ဖတ်ရတယ်"

"ဟုတ်ကဲ့ပါ။ ဘာဖြစ်လို့ အဲဒီလိုဖတ်ရတာလဲ ဆရာကြီး"

"ကဲ... ဟောဒီမှာ မြန်မာအဘိဓာန်ရှိတယ်။ ၂၀၁၈ ခုနှစ်က မြန်မာစာအဖွဲ့က တတိယအကြိမ် တည်းဖြတ်ပြီး ထုတ်ထားတဲ့ အဘိဓာန်ပဲ။ အဲဒီထဲမှာ သမီးပြောတဲ့ စကားလုံးကို ရှာကြည့်စမ်း"

"ဟုတ်ကဲ့။ ဟော... တွေ့ပါပြီ ဆရာကြီး။ စာမျက်နှာ ၃၉၆ မှာပါ"

"အဲဒီစကားလုံးကို တည်ပုဒ်လို့ ခေါ်တာပေါ့။ အနက်ဖွင့်ရမယ့် စကားလုံးလေ။ ဘေးမှာ မျဉ်းစောင်းနှစ်ခုကြားမှာ အသံထွက်ကို ပြထားတယ်။ ဘယ်လို အသံထွက်တယ်တဲ့လဲ"

"ဟာ၊ ဟုတ်ပါရဲ့။ /အနုန်ညာတ့/လို့ ပြထားပါတယ်။ ပြီးတော့ အနက်နှစ်ခုပေးထားပါတယ်။ ၁၊ တရားပြိုင်နှစ်ဖက် သဘောတူတင်မြှောက်ထားသော (တရားသူကြီး)။ ၂၊ သဘောတူခွင့်ပြုထားသော- ဆိုတဲ့ အနက်တွေပါ ဆရာကြီး"

"ဟုတ်ပြီ။ မျဉ်းစောင်းနှစ်ခုကြားမှာ ပြတဲ့ စာလုံးတွေက အသံထွက်ကိုပြဖို့ စနစ်တစ်ခုလုပ်ထားတာလေ။ /အနုန်ညာတ့/လို့ အသံထွက်ပြထားတဲ့ အတိုင်း အသံထွက်ရမှာပေ့ါ"

"ဟုတ်ကဲ့။ နားလည်ပါပြီ ဆရာကြီး။ အနုညာတလို ရေးထားတာကို ဘာဖြစ်လို့ /အနုန်ညာတ့/လို့ အသံထွက်ရတယ်ဆိုတာလည်း သိပါရစေ"

"အနုညာတလို့ရေးပြီး /အနုန်ညာတ့/လို့ အသံထွက်တာမဟုတ်ဘူး သမီးရဲ့။ /အနုန်ညာတ့/ ကို အသံထွက်တဲ့အတိုင်းပဲ ရေးထားတာပါ။ အဲဒီ 'အနုညာတ' ဆိုတဲ့ စကားလုံးက ပါဠိစကားလုံးဖြစ်နေလို့ ပါဠိနည်းအတိုင်း ရေးထားလို့ပါ"

"ရှင်။ အဲဒါ ဘာဆိုလိုတာလဲ ဆရာကြီး။ သမီး နားမလည်လို့ပါ"

"ဆရာ အရင်တစ်ခါရှင်းပြပြီးပါပြီ။ အဲဒီမှာ အရေးကြီးတာက 'ည' နှစ်မျိုးရှိတာ ခွဲသိဖို့ပဲ"

"ရှင်။ ဘယ်လို 'ည' နှစ်မျိုးပါလဲ ဆရာကြီး"

"လွယ်လွယ်ပြောရရင် 'မြန်မာည' နဲ့ 'ပါဠိဉ' ပေ့ါ"

"အဲဒါလည်း သမီးနားမလည်ပါဘူး ဆရာကြီး"

" 'ဉ' ဆိုတဲ့စာလုံးဟာ မြန်မာစာမှာတော့ 'ည' တစ်လုံးတည်းပဲ။ /ညာ့/လို့ပဲ အသံထွက်တယ်။ ပါဠိမှာတော့ 'ဉ' နှစ်လုံးကို ဆင့်ထားတာလေ။ 'ဉ' ကလေး နဲ့ ညကြီးလို့ ခွဲနိုင်တယ် ။ 'ဉ' ကလေးနှစ်လုံးဆင့်လိုက်တော့ ညကြီးဖြစ်သွားတာပေ့ါ။ ပုံသေနည်းကို ရေးပြရရင် ဉ+ဉ = ည လို့ ရေးရမှာပေ့ါ" (ရေးပြလိုက်ပါသည်။)

"ဟုတ်ကဲ့ပါ"

"အဲဒီ 'ဉ' နှစ်လုံးမှာ ရှေ့က 'ဉ' ကို အသတ်ပါတယ်လို့ သဘောထားရတယ် 'ဉ်' ပေ့ါ" (ဉ်ကိုရေးပြပါသည်။)

"သြော် ဟုတ်ကဲ့"

"သာဓကပြရင် 'ပုည' ဆိုတဲ့ စကားလုံးကို ဘယ်လိုအသံထွက်သလဲ "

" /ပုန်ညာ့/လို့ ထွက်ပါတယ် ဆရာကြီး"

" 'ပုည' လို့ရေးပြီး ဘာဖြစ်လို့ /ပုညာ့/လို့ အသံမထွက်ဘဲ။ /ပုန်ညာ့/လို့ ထွက်ရတာလဲ"

"သမီး မသိပါဘူး ဆရာကြီး"

"ခုနပြောတယ်လေ။ ဉ နှစ်လုံးဆင့်ဆိုရင် ရှေ့က ဉ ကိုအသတ်ပါတယ်လို့ သဘောထားရမယ်လို့။ ဒီတော့ 'ပုည' ဟာ ပါဠိစကားမို့ 'ည' ကို ခွဲလိုက်ရင် 'ပုဉ်+ဉ' ပေ့ါ။ သဘောပေါက်ရဲ့လား"

> "ဒီတော့ 'အနုညာတ' ဟာလည်း ပါဠိစကားမို့ 'ည' ကို ခွဲလိုက်ရင် အနုညာတ = 'အနုဉ်+ဉာတ' လို့ ခွဲနိုင်တာပေ့ါ။ ဒီတော့ /အနုန်ဉာတ့/လို့ အသံထွက်တာပေ့ါကွယ်"

"ဒီတော့ ပုဉ်+ဉ ကို အသံထွက်ရင် /ပုန်ညာ့/ ပေ့ါကွယ်။ ကဲ...အဲဒီလို 'ည' ပါတဲ့ ပါဠိစကားလုံးတွေ စဉ်းစားကြည့်ပါလား"

"ပညာပါ ဆရာကြီး"

"ဟုတ်တယ် ပညာဟာ ပါဠိစကားလုံးမို့ 'ည'က လည်း 'ဉ' နှစ်လုံးဆင့်ထားတာလေ။ ဒီတော့ ခွဲလိုက်ရင် ပဉ်+ညပေ့ါ။ ဖတ်တော့ ပျင်ညာလို့ ယပင်းသံကလေးနဲ့ ဖတ်တာပေ့ါ"

"ဟုတ်ကဲ့ပါ"

"တခြားစကားလုံးတွေ ရှိပါသေးတယ်။ 'သုည' /သုန်ညာ့/၊ ဝိဉာဉ်/ဝိန်ညင်/၊ သညာ/သင်ညာ/၊ အညမည/အင်ညာ့မင်ညာ့/ဆိုတဲ့ အသံထွက်တွေကိုကြည့်ရင် 'ပါဠိည' မှာ ရှေ့က 'ဉ' ကို အသတ်သံ ထွက်ရတယ်ဆိုတာ သိနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'အနုညာတ' ဟာလည်း ပါဠိစကားမို့ 'ည' ကို ခွဲလိုက်ရင် အနုညာတ = 'အနုဉ်+ဉာတ' လို့ ခွဲနိုင်တာပေ့ါ။ ဒီတော့ /အနုန်ဉာတ့/လို့ အသံထွက်တာပေ့ါကွယ်"

"နားလည်ပါပြီ ဆရာကြီး"

"ကဲ 'မြန်မာည' ဆိုရင်တော့ အသတ်သံမထွက်ဘူးနော်။ 'ပုည' ကို /ပုန်ညာ့/လို့ ထွက်ပေမယ့် ယခု 'ည' ကျတော့ /ယခုန် ညာ့/လို့ မထွက်ဘူးလေ။ 'ယခုည' ဆိုတာ မြန်မာစကားပဲ။ ဒီတော့ /ယခုညာ့/ လို့ပဲ ထွက်တာပေ့ါ "

"သဘောပေါက်ပါပြီ ဆရာကြီး"

"ပြောလက်စနဲ့ အဲဒီလို ရှေ့ကစလုံးကို အသတ်သံထွက်ရတဲ့ စာလုံးတစ်လုံးရှိသေးတယ်။ လည်ရစ်ပါတဲ့ 'ဍ္ဎ' လေ"

"ဟုတ်ကဲ့ပါ"

"ဍ္ဎ ဆိုတာ ဍနဲ့ဎ ဆင့်ထားတာလေ။ 'ဍ+ဎ=ဍ္ဎ'လို့ ပြနိုင်တာပေ့ါ။ ရှေ့က 'ဍ' မှာ အသတ်ပါတယ်လို့ သဘောထားရတယ်"

"အရင်က ဆရာပြောဖူးပါတယ်။ ပဍ္ဎမဆိုရင် /ပထမ့/လို့ပဲ အသံထွက်ရတယ်။ 'ဍ္ဎ' က လည်ရစ်မပါဘူး။ 'အဍ္ဎမ' ကျတော့ /အတ်ထမ့/လို့ အသံထွက်ရတယ်။ 'ဍ္ဎ'က 'ဍ'နဲ့ 'ဎ' ဆင့်ထားတာဆိုတော့ ခွဲလိုက်ရင် အဍ်+ဎ မပေ့ါ။ ဒါကြောင့် အသတ်သံထွက်ရတာလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ ဆဍ္ဎ/ဆတ်ထ့/၊ ဒိဍ္ဎ (ဒိတ်ထ့/ ဆိုတဲ့စကားလုံးတွေကို အသံထွက်ရင်လည်း ရှေ့က စာလုံးကို အသတ်သံထွက်ရတယ်မဟုတ်လား။ အဲဒါတွေ သတိထားလိုက်ရင် မှန်မှန်ကန်ကန်အသံထွက်နိုင်တာပေ့ါ "

"ဟုတ်ကဲ့ နားလည်ပါပြီ ဆရာကြီး"

"အထူးသဖြင့် သမီးမေးတဲ့ 'အနုညာတ' လို စကားလုံးမျိုးမှာ 'ည' ဟာ 'မြန်မာည' လား၊ 'ပါဠိည' လားဆိုတာ ကွဲကွဲပြားပြား သိဖို့လိုတာပေ့ါ။ 'မြန်မာည' ဆိုရင်တော့ 'ည'တစ်လုံးတည်းလို့ပဲ ယူဆရတာပေ့ါ။ 'ည' ကြီးလို့လည်း ခွဲပြီးခေါ်တယ်။ 'ဉ' ကတော့ 'ဉ' ကလေးပေ့ါ။ အဲ မြန်မာစာမှာတော့ 'ဉ' ကလေးက အသတ်နဲ့ပဲ ရှိတယ်လေ။ 'ယဉ်၊ စဉ်၊ ကြဉ်' ဆိုတာမျိုးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

"ကဲ... ကွဲပြားအောင် သာဓကတစ်ခုပြောမယ်။ 'အနုညာတ' နဲ့ ခပ်ဆင်ဆင်ပေ့ါ။ 'အနု' ဆိုတဲ့ မိန်းကလေးက လိမ်ညာပြောတယ်ဆိုတဲ့အကြောင်းကို ပြောရင် သမီးဘယ်လိုပြောမလဲ"

"အင်း... ဒီကိစ္စမှာ 'အနုညာတာ' လို့ ပြောပါမယ်။ 'အနုညာတယ်' လို့ ပြောရင်လည်း ရမယ်ထင်ပါတယ် ဆရာကြီး"

"ဟုတ်တာပေ့ါ။ 'အနုညာတာ' လို့ ပြောတယ်ဆိုပါတော့။ 'အနုညာတ' ကျတော့ /အနုန်ညာတ့/ လို့ အသတ်သံထွက်ပြီး 'အနုညာတာ' ကျတော့ ဘာဖြစ်လို့ အသံမပြောင်းတာလဲ"

"အနုညာတာမှာ ညာက မြန်မာစကားမို့ မြန်မာ 'ည' ဖြစ်နေတဲ့အတွက် အသတ်သံမထွက်ရတာပါ ဆရာကြီး"

"ဟုတ်ပါပြီ။ အနုညာတာကို 'အနုန်ညာတာ' လို့ အသံမထွက်ဘူးဆိုတာ မြန်မာစကားတတ်သူတိုင်း သိပါတယ်။ အနုညာတ ကတော့ ပါဠိစကားမို့ အသတ်သံနဲ့ ထွက်ရတာပါကွယ်"

## မိုးနဲမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

မိုးနဲ ဩဂုတ် ၈ - ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာပေဝါသနာရှင်များ၊ စာဖတ်ဝါသနာရှင်များ၊ စာပေဗဟုသုတတိုးပွားစေရန်နှင့် စာပေချစ်မြတ်နိုးသူအချင်းချင်း ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ လူငယ်အသင်းတို့ ပူးပေါင်းကာ ယမန်နေ့က စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာဖတ်ဝိုင်းပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောစာပေချစ်မြတ်နိုးသူလူငယ်များက စာရေးဆရာဖေမြင့် ရေးသားထားသော စဉ်းစားခြင်းစာအုပ်ကို အပြန်အလှန် ဆွေးနွေးပြီး တက်ရောက်သောလူငယ်အသင်းဝင်များက မိမိနှစ်သက်သော ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ( မိုးနဲ)**

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၈ | ပြည်တွင်း ပြည်ပ ပုံသေနှုန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၂၉ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၀ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlorite များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၁ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၂ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အအေးခံမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံး ကိရိယာများ)။ |
| ၃၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၄ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၅ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန်ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့် တွင်းထွက်ကုန်စည်များ** | |
| ၃၆ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၃၇ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၃၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၃၉ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၄၀ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၄၁ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၂ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ** | |
| ၃ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ** | |
| ၄ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ပြည်တွင်း ပြည်ပ လေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့် ပြန်ကြားရေးကဏ္ဍ** | |
| ၁၀ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၂ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့် ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၆ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ဘဏ်နှင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၂ | ညှော်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၅ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၆ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၂၈ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၉ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |

*(ဆက်လက်ဖော်ပြပါမည်)*

ဂုဏ်ယူဝမ်းမြောက်ခြင်း

၅.၈.၂၀၁၉ ရက်နေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့်
၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်
အထူးကုန်စည်ခွန် အများဆုံးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်များအား
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဂုဏ်ပြုမှတ်တမ်းလွှာများဖြင့်
ချီးမြှင့်ပေးခြင်းခံခဲ့ရသော Myanmar Liquor Association အဖွဲ့ဝင်များဖြစ်ကြသည့်
ဦးစိုးလွင်၊ ဦးအေးစိုး၊ ဦးတင်ရွှေ၊ Grand Royal Group ၊ Victory Myanmar Group ၊
Central Manufacturing Co.,Ltd ၊ Royal Club Beverages Co.,Ltd ၊
Asia Beverages Co.,Ltd ၊ SMM Shwe Myanmar Beverage Co.,Ltd နှင့်
Peace Myanmar Group တို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း
Myanmar Liquor Assocation (MLA)

## ဂျပန်နိုင်ငံရှိ သတင်းစာတိုက်ကြီးမှ ပညာသင်စရိတ်ထောက်ပံ့ပေးမည့် ၂၀၂၀ခုနှစ်၊ ဧပြီလမှ ၂၀၂၂ခုနှစ်၊ မတ်လပညာသင်နှစ်အတွက် သတင်းစာပညာတော်သင် ကျောင်းသား/ကျောင်းသူ လျှောက်လွှာခေါ်ယူခြင်း

### ခေါ်ယူမည့်ကျောင်းသား

၁။ ၂၀၂၀ခုနှစ်၊ဧပြီလမှ ၂၀၂၂ခုနှစ်၊မတ်လအထိ(၂)နှစ်ကြာ ဂျပန်စာသင်ကျောင်းတွင် ပညာသင်ယူနိုင်မည့်သူ။
၂။ တက္ကသိုလ်တွဲရရှိပြီးသူ အသက် (၁၈ ~ ၃၀) ကြားဖြစ်ရမည်။(ကျန်းမာရေးကောင်းသူ)
၃။ ဆိုင်ကယ်လိုင်စင်ရှိသူ (သို့) ကားလိုင်စင်ရှိသူ (သို့) ၂၀၁၉ ခုနှစ်(၁၀)လပိုင်းအတွင်း လိုင်စင်ရမည့်သူ။
၄။ ဂျပန်နိုင်ငံ အသိအမှတ်ပြု N5 နှင့်အထက် အောင်လက်မှတ်ရရှိပြီးသူဖြစ်ရပါမည်။ ဂျပန်စာသင်ယူရန် စိတ်ဝင်စားသူဖြစ်ရပါမည်။
၅။ ဂျပန်နိုင်ငံ၏စည်းကမ်း၊ ကျောင်းစည်းကမ်းတို့ကို လိုက်နာမည့်သူ။
၆။ နောင်တစ်ချိန်တွင် မိမိကိုယ်ကိုနှင့် မိမိနိုင်ငံအတွက် အကျိုးပြုသူတစ်ယောက်ဖြစ်ရမည်ဟု ယုံကြည်ထားသူ။

### ခေါ်ယူမည့်ပုံစံ

၁။ ကျား/မမရွေး ကိုယ်ရေးရာဇဝင် (အင်္ဂလိပ်လို) ကို အီးမေးလ်ဖြင့် ပို့ပေးရန်။
၂။ (25.8.2019နှင့် 1.9.2019)နံနက်၁၀နာရီမှ မွန်းလွဲ၁နာရီအထိ Yangon International Hotel, 8 floors, Ballroom ခန်းမတွင် ဆွေးနွေးပွဲကျင်းပပါမည်။ အသေးစိတ်ပြင်ဆင်ရမည့် အရာများကို အီးမေးလ်ဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသောကြောင့် CV form ပေးပို့ထားနိုင်ပါသည်။
* ရှင်းလင်းပွဲသည် အခမဲ့ဖြစ်ပါသည်။
* နှစ်ရက်ကျင်းပမှာဖြစ်သည့်အတွက် အဆင်ပြေသောတစ်ရက်ကိုသေချာပေါက် တက်ရောက်ပေးပါ။ နှစ်ရက်လုံးတူညီသော အကြောင်းအရာကိုရှင်းလင်းမှာဖြစ်ပါသည်။
* နောက်ကျသောဧည့်သည်များ ခန်းမအတွင်း ဝင်ခွင့်မရှိပါ။
* ထိုင်ခုံအရေအတွက်သတ်မှတ်ထားသောကြောင့် CV ပို့ပေးသောသူများသာ ရှင်းလင်းပွဲ ခန်းမ အတွင်းဝင်ရောက်ခွင့်ရပါမည်။

၃။ အသေးစိတ်သိရှိလိုပါက Facebook တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၄။ CV နှင့်အကြံပြုစာကို Akamonkai Facebook Page တွင် Download ရယူပြီး အောက်ပါ E-mail ကိုပို့ပေးပါ။
၅။ အင်တာဗျူးကို (13.9.2019 ~ 15.9.2019) ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ အင်တာဗျူးမလာနိုင်သောသူများကို ကျရှုံးဟု သတ်မှတ်ပါမည်။

**ပေးပို့ရန် E-mail - mainichi.student2016@gmail.com**

ဆက်သွယ်ရန် - AKAMONKAI JAPANESE LANGUAGE SCHOOL
ဖုန်း-၀၉-၄၅၄၀၁၁၈၁၉၊ ၀၉-၇၈၆၄၃၃၄၅၀၊၀၉-၇၈၆၄၃၃၄၅၁
Facebook - AKAMONKAI JAPANESE LANGUAGE SCHOOL YANGON





### ဖခင်အမည်မှန်
အထက(၆)စစ်တွေ၊ တက္ကသိုလ်ဝင်တန်း(B)မှ မနီလာထူး၏ဖခင်အမည်မှန်မှာ ဦးဆန်းထူး ၉/မထလ(နိုင်)၀၁၁၉၆၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပျဉ်းမနားမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်ကျော်ဝင်းထွဋ်၏ဖခင် ဦးထွေးကို၏အမည်မှန်မှာ ဦးထွေးမောင် ၉/ပမန(နိုင်) ၂၅၁၈၀၀ ဖြစ်ပါကြောင်း။
**ဦးထွေးမောင်**

### ဖခင်အမည်မှန်
သထုံမြို့၊ အထက(၂)၊ အဋ္ဌမတန်း(E) မှ မမေသူဝင်း၏ ဖခင်အမည်မှန်မှာ ဦးကိုကို ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မုဒုံမြို့နယ်၊ အထက(ခွဲ)ကော့ခပုံ တတိယတန်းမှ မောင်ရှိုင်းဝေယံ၏ ဖခင်အမည်မှန်မှာ ဦးခင်စိုး ၁၀/မဒန(နိုင်)၁၈၂၉၀၁ ဖြစ်ပါကြောင်း။
**ဦးခင်စိုး**

### ဖခင်အမည်မှန်
မြောက်ဦးမြို့၊ အထက(၂)နဝမတန်း(A) မှ ကိုဇော်ဌေး၏ ဖခင်မောင်သိန်းချေ ၁၁/မဥန(နိုင်)၁၂၇၉၆၁၏အမည်မှန်မှာ မောင်သိန်းရွှေ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်နှင့်အမည်မှန်
သထုံမြို့၊ အထက(၂)နဝမတန်း(C)ခန်းမှ မစုမြတ်နိုးဝေ၏ အမည်မှန်မှာ ဂလိုရီယာမြတ်နိုးဝေဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကိုကို ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မုဒုံမြို့နယ်၊ အထက(ကော့ပရံ) ဆဋ္ဌမတန်းမှ မသက်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးချိုသက် ၁၀/မဒန(နိုင်)၁၁၀၈၀၉ ဖြစ်ပါကြောင်း။
**ဦးချိုသက်**

### အမည်ပြောင်း
မြောက်ဦးမြို့၊ အထက(၂)၊ နဝမတန်း(C)မှ ခိုင်ကျော်မိုးအား ခိုင်ဇော်မိုးဟု ပြောင်းလဲခေါ်ပါရန်။

### မွေးသက္ကရာဇ်အမှန်
ဟသ္သာတမြို့၊ အမှတ်(၅)အထက တက္ကသိုလ်ဝင်တန်းမှ ဦးမြကြည်၏ သမီး မနှင်းစုသွယ်၏မွေးသက္ကရာဇ်အမှန်မှာ ၁၄-၂-၂၀၀၄ ဖြစ်ပါကြောင်း။
**မနှင်းစုသွယ်**

### ပတ်စ်ပို့ပျောက်
ကျွန်မ မခူတန် ၁/ပတအ(နိုင်) ၀၆၆၆၇၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၉၉၀၉၃၄၃၁**

### ဖခင်အမည်မှန်
မြောက်ဦးမြို့နယ်၊ မောင်ညိုကျွန်းကျေးရွာ အမက (လွန်)ဆဋ္ဌမတန်းမှ အိအိစံ၏ ဖခင်အမည်မှန်မှာ ဦးစံသိန်း ၁၁/မဥန(နိုင်)၀၆၆၉၆၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဂန့်ဂေါမြို့နယ်၊ တောင်ယာပြင်ရွာ အထက(ခွဲ)ဆဋ္ဌမတန်းမှ မရတနာစိုးနှင့် မရတနာမိုးတို့၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၆၈၈၇၅အရ ဦးငြိမ်းချမ်းအေး ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်
ကျွန်မ မဆိုင်းလုလုပန် ၁/မကန(နိုင်)၂၁၂၇၃၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၁၁၂၅၃၉**

### ဖခင်အမည်မှန်
ကျောက်တော်မြို့၊ အထက နဝမတန်း(C) မှ မောင်အောင်ကိုဦးနှင့် စတုတ္ထတန်းမှ မစုမြတ်ဝေတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်သဲမောင် ၁၁/ကတန(နိုင်)၀၈၆၉၆၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟသ္သာတမြို့နယ်၊ ဒူးယားအထက တက္ကသိုလ်ဝင်တန်းမှ မဆုမွန်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၄/ဟသတ(နိုင်)၂၇၈၄၉၀ ဖြစ်ပါကြောင်း။
**ဦးဇော်မင်းထွန်း**

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း($C_1$)မှ မမေစံပယ်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စော ၁/မကန(နိုင်)၀၂၇၈၃၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ကျောက်တော်မြို့နယ်၊ ကန်စောက်အထက တက္ကသိုလ်ဝင်တန်းမှ မောင်မင်းနိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးရွှေမောင် ၁၁/ကတန(နိုင်) ၀၇၁၅၂၆ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ဟသ္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ဦးဇော်မြင့်-ဒေါ်ရီရီဝင်းတို့၏သမီး မစုမွန်ဇော်အား မမေသရဖီခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမေသရဖီခိုင်**

### ဖခင်အမည်မှန်
သထုံမြို့နယ်၊အထက (နောင်ကုလားရှမ်းရွာ) တက္ကသိုလ်ဝင်တန်း (C) မှ မဖြူဝင်း၏ဖခင်အမည်မှန်မှာ ဦးအောင်လှ ၁၀/သထန(နိုင်)၀၉၁၂၆၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထကခရမ်းမှ မောင်ဝင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဆွေ ၇/သနပ(နိုင်)၀၂၃၀၉၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အထက (ခွဲ) ကမာစိုင် သတ္တမတန်းမှ မလင်းမာကိုကို၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၁၀/သထန(နိုင်)၁၁၀၂၉၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(F) မှ မောင်ဖြိုးဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးလှဆွေ ၇/ပခန(နိုင်)၀၇၁၉၄၂ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ကော့ကရိတ်မြို့၊ အထက(၁) သတ္တမတန်း(C)မှ မောင်မင်းသွေးခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၂၀၀၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
အောင်လံမြို့နယ်၊ ကျီရပ်ကုန်း အထက တက္ကသိုလ်ဝင်တန်း (A)မှ မောင်သော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၉/နထက(နိုင်)၁၂၁၄၄၁ ဖြစ်ပါကြောင်း။
**ဦးဆန်းဝင်း**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဟသ္သာတမြို့နယ်၊ အထက ယုန်သလင်း တက္ကသိုလ်ဝင်တန်း (က)မှ မသက်စုလှိုင်၏ဖခင်အမည်မှန်မှာ ဦးသန်းမြိုင် ၁၄/ဟသတ(နိုင်)၁၁၄၉၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
အောင်လံမြို့နယ်၊ ကျီရပ်ကုန်း အထက တက္ကသိုလ်ဝင်တန်း(A) မှ မအိသဉ္ဇာဖြိုးနှင့် ကသစ်ကန် အလက ပဉ္စမတန်းမှ မောင်မိုးယံဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလွင် ၈/မထန(နိုင်)၀၉၃၂၂၄ ဖြစ်ပါကြောင်း။
**ဦးကျော်ဆန်းလွင်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဟသ္သာတမြို့နယ်၊ အထက ယုန်သလင်း တက္ကသိုလ်ဝင်တန်း(က)မှ နော်ဝါးဝါးစေး၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဦး ၁၄/ဟသတ(နိုင်)၀၄၇၂၆၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
အောင်လံမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(H)မှ မောင်အောင်ဇော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၈/ဆပဝ(နိုင်)၀၅၉၃၀၃ ဖြစ်ပါကြောင်း။
**ဦးခင်မောင်ရီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးခရိုင်တရားမရုံးတော်၌**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၆၁**

ဦးနိုင်ဦး **နှင့်** ဦးမြင့်ဇော်ဝင်း
**တရားလို** **တရားပြိုင်**

ခုတင်(၁၀၀)ဆေးရုံလမ်း၊ ကျွဲတဲရပ်ကွက်၊ ရွှေကျင်မြို့နေ ဦးမြင့်ဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အိမ်နှင့်မြေကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ ဒေါ်ဝေဝေထွန်း အမည်ပေါက်မြေကွက်အမှတ် ၁၄၈၂၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်ရွှေစင်လှိုင် ၇/သဝတ(နိုင်)၀၉၄၄၄၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးဆွဲပေးပါရန် အမည်ပေါက်သူ ဒေါ်ဝေဝေထွန်းမှ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီးလျှောက်ထားလာမှုအား ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနာမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-၈)၊ ဦးပိုင်အမှတ် ၅၇/၁၊ မြေဧရိယာ ၀ဒသမ၂၄၆ဧကရှိ မြေကွက်အား ဦးဆေးလ်ဗဟာဒူး MKA-၀၀၇၆၈၂အမည်ဖြင့် အမှုတွဲအမှတ် ၂၂၉၄(၃)/(၁၉၉၀-၁၉၉၁)အရ ၃၀-၆-၂၀၂၀ရက်ထိနှစ် ၃၀ မြေငှားဂရန် ရရှိထားပါသည်။ အဆိုပါမြေငှားဂရန်အမည်ပေါက်သူ ဦးဆေးလ်ဗဟာဒူးသည် ၁၀-၉-၁၉၉၈ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ဘီဒီယား(ခ)ဒမ္ဘားကူမာရီမှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၁၆-၇-၂၀၁၈ရက်စွဲပါမှတ်ပုံတင်အမှတ် ၁၂၄/၂၀၁၈ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်ဘီဒီယား(ခ)ဒမ္ဘားကူမာရီ ၁/မကန(နိုင်)၀၂၃၈၁၆ မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် (အမည်ပြောင်း)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် (၅၁၆)၊ မြေကွက်အမှတ် (၉၁၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးရွှေ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဇင်မေထွန်း (ဘ) ဦးမြင့်ထွဏ်း ၉/ပမန(နိုင်)၁၅၉၅၇၆ မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီမှ လူနေထိုင်ရန်တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊မင်္ဂလာဒီပရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် (ပ-၄၀၂၅)၊ ဦးလှဦး ၉/ပဗသ(နိုင်)၀၀၉၅၁၇(ဘ)ဦးတင်လှိုင် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးတင်စိုးအောင် ၉/ညဥန(နိုင်)၁၆၅၄၇၈(ဘ)ဦးမှုံကြီးမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးအောင်နိုင် ၁၂/မဘန(နိုင်)၀၀၄၇၈၇ (ဘ) ဦးစိန်သွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၇၅၈)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၆၄၁/၂၀၁၉ ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်ညိုမီဦး ၁၂/ဥကမ(နိုင်)၁၉၅၂၅၆ (ဘ) ဦးခင်မောင်ဦးမှ ဦးအောင်ဖြူ (ခ)အောင်နိုင် ၉/မရမ(နိုင်)၀၁၀၆၂၄ နှင့် မှတ်ပုံတင်ရောင်းဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇ B)၊ မြေကွက်အမှတ်(၁၃၂)၊ ဧရိယာ၀ဒသမ၀၂၃ဧက၊ အတိုင်းအတာပေ(၂၄'၁၀"×၄၀')၊ မြေကွက်တည်နေရာအမှတ်(၁)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးအောင်သန်းကျော် ၁၂/မဂတ(နိုင်)၀၃၈၂၅၅၊ ဦးဘန်စိန် ၁၂/ပဇတ(နိုင်)၀၂၀၅၅၀အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်သန်းကျော်၊ ဦးဘန်စိန် နှစ်ဦးအနက် ဦးဘန်စိန် (ခင်ပွန်း)သည် ၆-၇-၂၀၀၅ရက်တွင် ကွယ်လွန်သွားသဖြင့် ဒေါ်သိန်းရှိ ၁၂/ပဇတ(နိုင်)၀၁၈၇၅၅မှ တစ်ဦးတည်းသောတရားဝင်ဇနီးအဖြစ် ကျန်ရှိခဲ့သည်မှာမှန်ကန်ကြောင်း၊ ၎င်းအနေဖြင့် ခင်ပွန်းဖြစ်သူ အမည်ပေါက်လျက်ရှိသည့်မြေကွက်နှင့်နေအိမ်အဆောက်အအုံ၏တစ်ဝက်တိတိအား တရားဝင်ဇနီးအဖြစ် အမွေဆက်ခံပိုင်ဆိုင်ခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၃/၁၅၈/၁၉(၅-၃-၁၉)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်း၊ မြေခွန်ပြေစာ၊ ဦးအောင်သန်းကျော်၊ ဦးဘန်စိန်အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် ဦးအောင်သန်းကျော် ၁၂/မဂတ(နိုင်)၀၃၈၂၅၅နှင့်ပူးတွဲလျက် ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ နှစ်ခန်းတွဲပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူများမနေပါ၊ လျှောက်ထားသူနှစ်ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်သိန်းရှိ၏သား နေထိုင်ပါသည်။ဒေါ်သိန်းရှိ၏သား နေထိုင်ခြင်းနှင့်ပတ်သက်၍ အရာရှိရှေ့တွင် ကိုယ်တိုင်ဝန်ခံကတိလာရောက်တင်ပြပြီးဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

